# မြဝတီ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 14 October 2025 ၁၁၉၇၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကောင်းမြတ်သည့် အတိတ်အစဉ်အလာများနှင့် ကောင်းမွေများကို တည်တံ့တိုးပွားအောင် ထိန်းသိမ်းမြှင့်တင်ရင်း အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အမွေခံကောင်းများ ထားရစ်ခဲ့နိုင်ရန် ကြိုးပမ်းကြရမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

**ယနေ့ ဖတ်စရာ**

**NCA လုပ်ငန်းစဉ်ကို မသွေဖည် တစည်းတလုံးတည်း ဆက်လက်ဖော်ဆောင်ကြရမည်**


ဆောင်းပါး စာမျက်နှာ » ၁၀


**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်**


စာမျက်နှာ » ၁၁


**ဘယ်လာရုစ်နိုင်ငံမြို့တော် မင့်စ်နှင့် ဗီယက်နမ်နိုင်ငံ ဖူကူကျွန်းတို့အကြား ပထမဆုံး တိုက်ရိုက်လေကြောင်းပြေးဆွဲ**


စာမျက်နှာ » ၁၃

ကြေးမုံ

# ပြည်သူ့အကျိုး အမှန်တကယ်သယ်ပိုး ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရွေးချယ်

ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာ၌ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးခြင်းဖြင့် ပြည်သူလူထုကို အမှန်တကယ်ကိုယ်စားပြုပြီး ပြည်သူလူထုအကျိုးကို အမှန်တကယ် သယ်ပိုးဆောင်ရွက်ပေးနိုင်မည့် ကိုယ်စားလှယ်စစ်စစ်များကို ရွေးချယ်ပေးရမည်ဖြစ်သည်။ ရွေးကောက်ပွဲဟူသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာ၌ ပြည်သူများ ပါဝင်ဆောင်ရွက်ရမည့် ကနဦးလုပ်ငန်းစဉ်ဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ ပြည်သူ့အစိုးရ တစ်နည်းအားဖြင့် ပြည်သူအုပ်ချုပ်ခြင်းဖြစ်၍ ရွေးကောက်ပွဲဖြင့် ပြည်သူ့ကိုယ်စား ဆောင်ရွက်ပေးရမည့်သူကို ရွေးချယ်ပေးရမည်ဖြစ်သည်။

ယခုအခါ ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၇၀ ကျော်သာလိုတော့သည်ဖြစ်၍ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည့် ကိုယ်စားလှယ်များကို ရွေးချယ်နိုင်ရန်အတွက် အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသူ နိုင်ငံသားတိုင်းအနေဖြင့် မဲစာရင်းများကို သွားရောက်ကြည့်ရှုကြရန်လိုအပ်မည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများကို စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၁၃ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးခဲ့ရာ မဲစာရင်းများ ကြည့်ရှုသူမကျန်ရှိစေရန်အတွက် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာလ ၂၀ ရက်နေ့အထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ကြေညာပေးထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အသီးသီးတို့ကို အသိပေးကြေညာခဲ့ပြီးဖြစ်သည်။ ဩဂုတ်လ ၁၈ ရက်နေ့တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်သည်။ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရွေးကောက်ပွဲအပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကိုလည်း သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကို သက်ဆိုင်ရာတို့က စိစစ်အတည်ပြုပြီး မကြာမီအသိပေးထုတ်ပြန် ကြေညာသွားမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိ၏အမည်စာရင်းဖြစ်စေ၊ မိမိ၏မိသားစုအမည်စာရင်းဖြစ်စေ ပါ/မပါ သွားရောက်ကြည့်ရှုစစ်ဆေးရမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူ ပြည်သူများ၏စာရင်းကို ပြုစုရာ၌ အမှားအယွင်းများပါရှိနိုင်သည်။ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူမှန်သမျှ မဲပေးခွင့်ရှိသည်။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့် အမည်စာရင်းထည့်သွင်းပေးရန် တောင်းဆိုနိုင်သည်။

မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်သည်။ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-ဂ)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းကို ဆောင်ရွက်နိုင်သည်။ ထိုသို့ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နောက်ဆုံးအကြိမ်အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်မံအသိပေးကြေညာပေးမည်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အဆိုပါကာလအတွင်း လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများကို ထပ်မံလုပ်ဆောင်နိုင်သည့် အခွင့်အရေးရှိသည်။

မဲဆန္ဒရှင်များအနေဖြင့် အကယ်၍ မိမိနေရပ်သို့ပြန်၍ မဲပေးလိုခြင်းမရှိပါက လက်ရှိနေရာတွင် မဲပေးနိုင်ရေး အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေသော မြို့နယ်တွင် မိမိအမည်စာရင်းကို ထည့်သွင်းပေးပါရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ တင်ပြလျှောက်ထားနိုင်သည်။

သို့ဖြစ်ရာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ရန် မဲဆန္ဒရှင်ပြည်သူများ၏ အခန်းကဏ္ဍသည် ပထမဦးစွာ အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်ရာ ပြည့်စုံမှန်ကန်သော မဲစာရင်းများ ပေါ်ထွက်လာစေရန်အတွက် မဲဆန္ဒရှင်ကိုယ်တိုင်သော်လည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် တစ်ဦးအနေဖြင့်သော်လည်းကောင်း မပျက်မကွက် လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ပါရန် အလေးအနက် တိုက်တွန်းအပ်ပါကြောင်း။ ။

---

## ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

**World Food Day 2025**

**"အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့"**

**(Hand in Hand for Better Foods and a Better Future)**

**အောက်တိုဘာလ ၁၆ ရက်နေ့**

---

## ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၅/၂၀၂၅ (ပဲခူး)နှင့် တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၂၆/၂၀၂၅ (ရန်ကုန်)၊ ၂၇/၂၀၂၅ (ဧရာဝတီ)၊ ၂၉/၂၀၂၅ (စစ်ကိုင်း)၊ ၃၀/၂၀၂၅ (ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု အမှတ် ၆/၂၀၂၅ (မွန်)၊ ၇/၂၀၂၅ (မွန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၃၁/၂၀၂၅ (မန္တလေး)၊ ၃၂/၂၀၂၅ (မန္တလေး)၊ ၃၃/၂၀၂၅ (ကချင်)နှင့် ၃၄/၂၀၂၅(ကချင်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၃

ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ် ၃၀ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၆၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကနီမြို့၏ အနောက်ဘက် ၂၀ မိုင်ခန့် အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၂ ဒီဂရီ၊ အနက် ၈၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

■

---

## ၁၃ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

---

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၃၀၀ | ၉၃၁ | ၇,၅၄၁,၃၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၆,၁၉၁ | ၂၁,၀၇၂၉,၄၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁ | ၇,၈၀၀ |
| FPB | ၂,၆၀၀ | ၂,၆၀၀ | ၃၉၅ | ၁,၀၂၅,၈၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၉၇ | ၂၅၇,၀၅၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၁,၅၆၁ | ၂,၈၈၈,၆၀၀ |
| AMATA | ၃,၂၅၀ | ၃,၄၀၀ | ၁၀၅ | ၃၄၂,၄၅၀ |
| MAEX | ၃,၃၅၀ | ၃,၄၀၀ | ၃၅၇ | ၁,၂၀၈,၀၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၀၀ | ၁,၀၁၂ | ၂,၇၃၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

---


ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အောဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကျောက်မျက်စီခြယ် နဝရတ်ကိုးသွယ်" ယိမ်းအကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါအောင် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ ယခုအခါ(၂၆)ကြိမ်မြောက် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းများကြောင့်လည်း အမျိုးသားယဉ်ကျေးမှု အမွေအနှစ် အနုပညာရပ်များ ထိန်းသိမ်းမြှင့်တင်မှု တိုးတက်မြင့်မားလာပြီး အမျိုးသားရေး စရိုက်လက္ခဏာများ ထင်ရှားခိုင်မာလာမှုတို့နှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားထက်သန်မှု အကျိုးရလဒ် ကောင်းများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ပေးနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

## ဂုဏ်ပြုပြောကြား

ယခုကဲ့သို့ အမျိုးသားရေး အနှစ်သာရနှင့်ပြည့်ဝသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူများ၏ အားပေးချီးမြှောက်မှုများကြောင့်လည်း အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို လေးစားမြတ်နိုးစွာ လေ့လာလိုက်စား ထိန်းသိမ်းမြှင့်တင်လိုသည့် စိတ်ကောင်း၊ စေတနာ၊ ပင်ကိုအရည်အသွေး ကောင်းများနှင့်အတူ အားပေးကြသည့် မိဘဆွေမျိုးများနှင့် အနုပညာမြတ်နိုးသူဝါသနာရှင်အားလုံးတို့၏ ပူးပေါင်းပါဝင်မှု အကျိုးကျေးဇူးကြောင့် ဖြစ်သည်ကိုလည်း ဂုဏ်ပြုပြောကြားလိုကြောင်း။

အမျိုးသား ယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီး ထိန်းသိမ်းကြရမည့် အမွေအနှစ်များပင် ဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှု မြင့်မားလေလေ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ စာမျက်နှာ ၄ သို့☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကဗျာလွတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မပန်ဆုပြည့်ကျော်နှင့်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)(အမျိုးသမီး)မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ **စာမျက်နှာ ၃ မှ**

ရပ်တည် နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး ဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုးနှင့် အဆင့်အတန်းတို့ကို အမျိုးသားယဉ်ကျေးမှုက တစ်ဆင့်သာ ဖော်ညွှန်း ပြဆိုကြရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံမိမိလူမျိုး၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်ကျင့်ကြံမှု၊ တွေးခေါ်မြော်မြင်မှုနှင့် စိတ်နေစိတ်ထားတို့ ယဉ်ကျေးသိမ်မွေ့စေရအောင်၊ အဆင့်အတန်းမြင့်မားစေရအောင် နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးခြင်းအားဖြင့် ပုံဖော် ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး စသည့်ဂီတ၊ သဘင်နယ်ပယ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကပြသီဆိုတီးမှုတ်မှုနှင့် အသုံးပြုသည့် တူရိယာပစ္စည်းများသည်လည်း ထူးခြားသည့် မြန်မာ့မှု မြန်မာ့အသွင်စစ်စစ်ဖြင့် နိုင်ငံတကာတွင် ဂုဏ်ယူဝင့်ကြွားနိုင်သည့် ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် တင်ဆက်ပြသနိုင်ခြင်းအားဖြင့် တွေ့မြင်ရသည့် မျိုးဆက်သစ် လူငယ်များအဖို့ မြန်မာ့ယဉ်ကျေးမှု၏ ကြီးကျယ်ခမ်းနားထည်ဝါမှု၊ နက်နဲသိမ်မွေ့သည့် မြန်မာ့အနုပညာရပ်များ၏ ပြည့်စုံကြွယ်ဝမှုကို သိရှိနားလည်နိုင်ပြီး လေးစားဂုဏ်ယူခြင်းနှင့်အတူ အလေးထားမြတ်နိုး တန်ဖိုးထားစိတ်များ ပေါ်ပေါက်လာစေမည်မှာ မလွဲဘူးဟုမှာကြားလိုကြောင်း၊ အမျိုးသားယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးပြီး လေ့လာကြိုးပမ်း ပြိုင်ပွဲဝင်ခဲ့ကြသည့် မျိုးဆက်သစ် လူငယ်များနှင့် ဆုရရှိကြသူ အားလုံးကိုလည်း လေးစားဂုဏ်ပြုသည်ကိုပြောကြားလိုကြောင်း။

မိမိတို့ မြန်မာလူမျိုးများသည် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ၊ အဆင့်အတန်းမြင့်မားသည့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ၊ နက်ရှိုင်းသိမ်မွေ့သည့် ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အတွေးအခေါ် အယူအဆများ၊ လူမှုကျင့်ဝတ်စည်းကမ်းများ၏ ဂုဏ်ကျေးဇူးများကြောင့် သမိုင်းအစဉ်အဆက်တွင် ကျက်သရေရှိရှိ ရပ်တည် ထွန်းပြောင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိထားပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဒီကောင်းမြတ်သည့် အတိတ်အစဉ်အလာများ၊ ကောင်းမွေများကို တည်တံ့တိုးပွားအောင် ထိန်းသိမ်းမြှင့်တင်ရင်း ပစ္စုပ္ပန်ကာလ၏ အခွင့်အလမ်းကောင်းများနှင့် ပေါင်းစပ်ပြီး အနာဂတ် မျိုးဆက်သစ်လူငယ်များအတွက် အခြေခံကောင်း အမွေခံကောင်းများ ထားရစ်ခဲ့နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားရေးတာဝန်ဖြစ်ပြီး မျက်မှောက်ခေတ် နိုင်ငံသူနိုင်ငံသားများဖြစ်သည့် မိမိတို့အားလုံး၏ ပခုံးပေါ်ကိုရောက်ရှိနေပြီဖြစ်ကြောင်း။

**စာမျက်နှာ ၅ သို့** ☆

**✪ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၁၆၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိမှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ၅၉ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၄၇ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၃ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၂၂ ဆု၊ မွန်ပြည်နယ်မှ ၂၁ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၁၄ ဆု၊ ကယားပြည်နယ်မှ ၁၇ ဆု၊ ရှမ်းပြည်နယ်မှ ၁၃ ဆု၊ ရခိုင်ပြည်နယ်မှ ၁၀ ဆု၊ ကရင်ပြည်နယ်မှ ၁၂ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃ ဆု၊ ချင်းပြည်နယ်မှ ၁၀ ဆုနှင့် ကချင်ပြည်နယ်မှ ငါးဆု ရရှိခဲ့ကြ**

☆ စာမျက်နှာ ၄ မှ

ထို့ကြောင့် အတိတ်ကာလက ဘိုးဘွားအမွေအနှစ် ဖြစ်သည့် မြန်မာ့အနုသုခုမ ပညာရပ်များနှင့်တကွ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီး၏ ကောင်းမွေများကို ပစ္စုပ္ပန်ကာလတွင် ကောင်းမြတ်သည့် ကြိုးပမ်းအားထုတ်မှုများဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများက ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများနှင့် ပေါင်းစပ်ပြီး အနာဂတ်အတွက် အနုပညာအမွေအနှစ် စစ်စစ်များ ပွားများကျန်ရှိရအောင် ဆက်လက်လက်တွဲ ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုကြောင်း။

**ပြောကြား**

သမိုင်းအစဉ် အဆက်ဆက် ထိန်းသိမ်း အမွေဆက်ခံလာခဲ့သည့် အမျိုးသားယဉ်ကျေးမှု အရင်းအမြစ်များကို ပိုမိုအခြေခိုင်ခံ့ အစွမ်းထက်စေရအောင် ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုနှင့် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်မြှင့်တင် ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသားပြည်သူများ ဇာတိသွေး၊ ဇာတိမာန် မြင့်မားရေးနှင့် မြန်မာ့ရိုးရာ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုထိုးဖောက် လွှမ်းမိုးမှုကို ကာကွယ်တားဆီးပေးကြရန်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးစသည့် စိတ်ဓာတ်ရေးရာ အခြေခံများ တိုးတက်ရင့်သန် ခိုင်မာမြင့်မားစေရအောင် ယဉ်ကျေးမှု အနုပညာစွမ်းအားတို့ဖြင့် မြှင့်တင်ပေးကြရန် ဆန္ဒပြုတိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ "ယန်းအက"ဖြင့် ထားဝယ်တိုင်းရင်းသားရိုးရာတေးဂီတအဖွဲ့က ဖျော်ဖြေကပြ တင်ဆက်ကြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုင်းရင်းသားရိုးရာ "ယန်းအက"ပြိုင်ပွဲနှင့် ကဗျာလွတ်ပြိုင်ပွဲတို့တွင် အထူးဆု၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

❂ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ ယခုအခါ(၂၆)ကြိမ်မြောက် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်**

❂ **ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းများကြောင့်လည်း အမျိုးသားယဉ်ကျေးမှု အမွေအနှစ်အနုပညာရပ်များ ထိန်းသိမ်းမြှင့်တင်မှု တိုးတက်မြင့်မားလာပြီး အမျိုးသားရေးစရိုက်လက္ခဏာများ ထင်ရှားခိုင်မာလာမှုတို့နှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားထက်သန်မှု အကျိုးရလဒ်ကောင်းများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ပေးနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်**

ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဆို၊ ခေတ်ဟောင်း/ ကာလပေါ် ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)(အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အဆို၊ ခေတ်ဟောင်း/ကာလပေါ် ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား)(အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အဆို ခေတ်ဟောင်း/ကာလပေါ် အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)ပြိုင်ပွဲ၌ ပထမဆုရရှိသူ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မမိုးမြင့်စံက "အနန္တငါးဖြာ"သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲတွင် အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကိုယ်စားပြုပြိုင်ပွဲဝင်များက ကပြသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၁၆၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိမှုများ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ၅၉ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၄၇ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၃ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၂၂ ဆု၊ မွန်ပြည်နယ်မှ ၂၁ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၁၄ ဆု၊ ကယားပြည်နယ်မှ ၁၇ ဆု၊ ရှမ်းပြည်နယ်မှ ၁၃ ဆု၊ ရခိုင်ပြည်နယ်မှ ၁၀ ဆု၊ ကရင်ပြည်နယ်မှ ၁၂ ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃ ဆု၊ ချင်းပြည်နယ်မှ ၁၀ ဆုနှင့် ကချင်ပြည်နယ်မှ ငါးဆု ရရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အခြေခံပညာအဆင့်(၁၀-၁၅)အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မဖူးဖူးစံ တီးခတ်ဖျော်ဖြေတင်ဆက်စဉ်။



အဆင့်မြင့်ပညာအဆင့်(အမျိုးသား) အကပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ရှိုင်းဝဏ္ဏစောကပြဖျော်ဖြေတင်ဆက်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၃**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ရေခဲတောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်စေရေးအတွက် မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မေတ္တာစေတနာ အပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ဝါရင့် သမ္မာရင့် အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်ထောက်ပံ့ပေးသူများကို ဂုဏ်ပြုသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ဆိုသည့် အလွန်တရာ မွန်မြတ်သော အမျိုးသားရေး ရည်မှန်းချက်ပြည့်မြောက် အောင်မြင်စေရေးအတွက် အထင်ကရအခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေးလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲကြီး အောင်မြင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်စွမ်းဆောင်ပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများအားလုံးလည်း နိုင်ငံတော်အစိုးရနှင့်ထပ်တူ ကျေနပ်ဝမ်းမြောက် ဂုဏ်ယူနေကြလိမ့်မည်ဟု ခံစားမိကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီး အသွင်သဏ္ဌာန်ရော အနှစ်သာရပါ နက်နက်ရှိုင်းရှိုင်းဖြင့် အမျိုးသားရေး အဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် ကျင်းပပေးလျက် ရှိကြောင်း၊ ယခုပြိုင်ပွဲကြီးများ၏ မြင့်မားသည့် ရည်ရွယ်ချက်များ တစ်စထက်တစ်စ ပိုမိုအကောင်အထည်ပေါ်လာအောင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်များနှင့် အားကြိုးမာန်တက် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ကိုလည်း အလေးအနက်ထား ပြောကြားလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတို့၏ကိုယ်ပိုင်စွမ်းအားကို အခြေခံသည့် မှန်ကန်သော အားထုတ်ကြိုးပမ်းမှုများကို စီမံဆောင်ရွက်လျက် ရှိကြောင်း၊ အထူးသဖြင့် မြန်မာလူမျိုးတို့၏ သမိုင်း အစဉ်အလာကောင်းများနှင့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရင်း စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် ပွင့်လင်းလွတ်လပ်မှုနှင့် တိုးတက်လာသည့် မီဒီယာများကို အသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုအမျိုးမျိုးသည် နယ်ပယ်အသီးသီးတွင် ထွေးရောယှက်တင်ဝင်ရောက်လာနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအသီးသီးသည် မိမိတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထား ထိန်းသိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားနေကြကြောင်း၊ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဘိုးဘွားအဆက်ဆက် အနုပညာရှင်မျိုးဆက် အဆင့်ဆင့်တို့က ယဉ်ကျေးမှု အမွေအနှစ်အဖြစ် လက်ဆင့်ကမ်း သယ်ဆောင်ပွားများလာခဲ့ကြသည့် အတွက် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းပင်ဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃ ထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှုအနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများ ကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သည့် ဘိုးဘွားဆရာသခင် အနုပညာရှင်ကြီးများ၏ အစဉ်အလာကောင်းများနှင့် အညီ အမွေဆက်ခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီး ပိုမိုခိုင်ခံ့ဝင့်ကြွား တန်ဖိုးကြီးမားလာစေရအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သား မျိုးဆက်သစ် အနုပညာရှင်များအတွက် အနုပညာအမွေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

**မေတ္တာပို့သဆန္ဒပြုပြောကြား**

မိမိတို့ အသက်နှင့်ထပ်တူ ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ ဆတက်ထမ်းပိုး တိုးတက်ရှင်သန်ထွန်းကားပြန့်ပွားစေရအောင် ဆက်လက်ထိန်းသိမ်း မြှင့်တင်ပေးနိုင်ကြပါစေ၊ မိမိတို့၏ ပြည့်စုံကြွယ်ဝလှသည့် အတွေ့အကြုံများ၊ တန်ဖိုးမဖြတ်နိုင်သည့် အနုပညာစွမ်းအားများကို မျိုးဆက်သစ်လူငယ်များအား ပညာဖြန့်ဝေပေးနိုင်ကြပါစေ၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာ၊ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်ကြသည်အထိ နိုင်ငံနဲ့ လူမျိုးအကျိုးကို အနုပညာစွမ်းပကားဖြင့် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ နောင်လာမည့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးပေါင်းများစွာတိုင်သည်အထိ မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက်ကူညီပံ့ပိုးနိုင်ကြပါစေဟု မေတ္တာပို့သ ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ် လုပ်ငန်းအဖွဲ့ ကိုယ်စား အတွင်းရေးမှူး ဦးမင်းထက်သာနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား

စာမျက်နှာ ၇ သို့ ❋

❖ **မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဘိုးဘွားအဆက်ဆက် အနုပညာရှင်မျိုးဆက်အဆင့်ဆင့်တို့က ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းသယ်ဆောင်ပွားများလာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းပင်ဖြစ်**

❖ **နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်**

✻ စာမျက်နှာ ၆ မှ

ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ ကိုယ်စား မကွေးတိုင်းဒေသကြီးမှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနား မှူးများကိုယ်စား အခမ်းအနားမှူး တစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်း လွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် များကိုယ်စား အဆိုအကဲဖြတ် ပညာရှင် ဦးတင်ဦးလေးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများ၊ ပြိုင်ပွဲ ဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း (၂၆)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တွင်ဆုရရှိကြသူများ၊ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာ ရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာ များဖြင့် သီဆို၊ တီးမှုတ်၊ ကပြ ဖျော်ဖြေကြသည်။

ထို့နောက်အထူးအစီအစဉ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ သဘင်ပညာရှင်ကြီး များဖြစ်ကြသည့် အနုပညာဦးစီး ဌာနမှ အသက် ၇၄ နှစ်ရှိအငြိမ်းစား ဦးစီးအရာရှိ ဆရာကြီး ပန်တျာ ဦးမြင့်သိန်းနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှ အငြိမ်းစား ဂုဏ်ထူးဆောင် ပါမောက္ခကြီး အသက် ၇၆ နှစ်ရှိ ဒေါက်တာ နုနုခင်တို့နှင့်အတူ လက်ဆင့်ကမ်း အမွေကို ဆက်ခံကြမည့် မျိုးဆက် သစ်လူငယ်လေးများ ဖြစ်ကြသည့် မွန်ပြည်နယ်မှ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အကပြိုင်ပွဲ ပထမဆုရ မောင်စောအောင်ဟိန်းထွေး (ခေါ်) အဲအဲနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အကပြိုင်ပွဲမှ ပထမဆုရ နန်းကမ္ဘေ့စံဦးတို့က “သစ္စာထားနှစ်ပါးသွား” အကဖြင့် ဂုဏ်ပြုလက်ဆင့်ကမ်း ဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုဖျော်ဖြေခဲ့ ကြသည့် အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အငြိမ်းစားပါမောက္ခကြီး ဒေါက်တာ နုနုခင်တို့အား ဂုဏ်ပြုချီးမြှင့်ငွေ များ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်း နှီးနှီး မေးမြန်းနှုတ်ဆက်စကား ပြောကြားသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံ တော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌက အခမ်းအနား တက်ရောက်လာကြ သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်းအား ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

✰ ကျောဖုံးမှ

လူ့အခွင့်အရေးကောင်စီ၏ ဆွေးနွေးမှုများ နှင့် အစီရင်ခံစာများတွင် စိစစ်အတည်ပြုနိုင် ခြင်းမရှိသော အချက်အလက်များကို အများ အားဖြင့်အသုံးပြုထားပြီး မြန်မာအစိုးရအပေါ် ထပ်တလဲလဲ စွပ်စွဲချက်များသာ ပါဝင်နေသည် ကို တွေ့ရှိရသည်။ ဤကဲ့သို့သော စိစစ် အတည်ပြု၍မရသော ယုတ္တိမရှိသည့် အချက် အလက်များကို အခြေခံကာ အခြေအမြစ် မရှိသော စွပ်စွဲချက်များကို အကြိမ်ကြိမ် ထပ်တလဲလဲ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိ ရသည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကာကွယ် မြှင့်တင်ရေးမျက်နှာစာတွင် အရေးကြီးဆုံး သော ယန္တရားတစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေး ကောင်စီသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်ခုတွင် ဖြစ်ပေါ်နေသော အခြေအနေများကို လက်တွေ့ကျကျ၊ ဘက်လိုက်မှုကင်းကင်းဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ခြင်းမပြုဘဲ ဘက်လိုက်ပြီး တစ်ဖက်စောင်းနင်းသော အချက် အလက်များကိုသာ အမှန်အဖြစ် ယူဆကာ ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိပြုမိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့ သောအခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဆွေးနွေးချက်များကို ပြတ်သားစွာ ကန့်ကွက် ပယ်ချပြီး နိုင်ငံတော်က ဆက်လက်ဆောင်ရွက် နေသည့် လုပ်ငန်းများကို မျက်ခြည်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အဆင့်ဆင့်ကျင်းပမည့် အထွေထွေရွေးကောက် ပွဲရလဒ်အရ အနိုင်ရရှိလာမည့် နိုင်ငံရေးပါတီ ထံသို့ နိုင်ငံ့တာဝန်ကို ပခုံးလွှဲပြောင်းပေးအပ် သွားမည်ဖြစ်ပြီး မြန်မာဦးဆောင်သည့် မြန်မာ့ ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ပြည်တွင်းငြိမ်းချမ်း ရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေး တို့ကို ဆက်လက်ဆောင်ရွက်လျက် မြန်မာ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်သွားမည် ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဇလွန်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဇလွန် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန် မြို့နယ်၌ ၂၀၂၅ -၂၀၂၆ ခုနှစ် မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို မေရီလန်းကျေးရွာအုပ်စု တောင်သူ စောရေမီ၏ ဆင်းသုခစပါးမျိုး စံပြကွက်၌ ယနေ့နံနက် ၁၀ နာရီ တွင် ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ က စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ဆင်းသုခ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက အထွက်နှုန်းမှာ အစိုတင်း ၁၂၅ ဒသမ ၈ တင်း၊ အခြောက်တင်း ၁၂၂ ဒသမ ၀၂ တင်းထွက်ရှိကြောင်း သိရသည်။ **ဇလွန်(ပြန်/ဆက်)**



## သုခုမ ပန်တျာ

❖ မြန်မာ့မူဟန် ဇာတိမာန်
ရှင်သန်ဗီဇ ထုတ်ဖော်ပြ။
ဆို၊ က၊ ရေး၊ တီး နိဿရည်း
ပွဲကြီးဆင်ယင်ကြ။

❖ ပျော်ပျော်ရွှင်ရွှင် ပြိုင်ပွဲဝင်
ကြည်လင်ပီသ သီဆိုကြ။
ဂီတသံစဉ် တေးနုယဉ်
နားဝင်ချိုသာလှ။

❖ ကကြိုးစုံလင် ပြိုင်ပွဲဝင်
အစဉ်အဆက် စံမပျက်။
ခြေလက်ခါးခေါင်း လွန်ပျော့ပျောင်း
နွဲ့နှောင်းညင်သာညက်။

❖ တေတျာထံတျာ သံစဉ်ရှာ
ကာရန်ညီရွေး သီကာရေး။
တေးရေးတေးသား အတွေးပွား
တေးသွားမှန်တယ်လေး။

❖ ကြေးကြိုးသားရေ လက်ခုပ်လေ
ငါးထွေပဉ္စ တီးမှုတ်ရ။
ပီသချိုကြည် သံစဉ်ညီ
နရီ စည်းဝါးကျ။

❖ မြန်မာ့လက်ရာ သိမ်မွေ့တာ
ပန်တျာဂီတ သုခုမ။
ဆို၊ က၊ ရေး၊ တီး ပွဲတော်ကြီး
ချီးမြှင့်အားပေးကြ။

❖ မြန်မာ့ရိုးရာ လက္ခဏာ
ကြည်သာချိုအေး လှယဉ်ကျေး။
ဓလေ့ထုံးစဉ် မြတ်နိုးခင်
ရှင်သန် ဂုဏ်ရည်မွေး။

❖ အနုပညာ ထိန်းသိမ်းကာ
မြန်မာတို့ရဲ့ ဇာတိသွေး။
မူဟန်မပျက် စံမပျက်
ဆက်လက်တည်တံ့ရေး။

❖ ဘိုးဘွားအမွေ တိုးပွားစေ
မျှဝေနိုင်ရေး စီစဉ်ပေး။
ရေရှည်ကောင်းကျိုး ဆောင်သယ်ပိုး
မျိုးဆက်သစ်တွေမွေး။ ။

မောင်ကျော် (ပညာရေး)

# (၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၈)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၃**

(၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၈)ကြိမ်မြောက် မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။




အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အစည်းအရုံးဝင်များ၊ မြန်မာ့ရုပ်ရှင်သက်ကြီး အနုပညာရှင်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက (၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ကုသိုလ်အဖြစ် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၄၈)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်က ပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က လက်ခံရယူသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်သည်။

ယင်းနောက်ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၊ Forever Group က ငွေကျပ် ၆၇ သိန်းကျော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ဗဟို)က ငွေကျပ်သိန်း ၂၀၊ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် ၁၀ သိန်းနှင့် မင်္ဂလာရုပ်ရှင်မိသားစုက ငွေကျပ် ၂၈ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က မုဒိတာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများပေးအပ်ရာ ရုပ်ရှင်သက်ကြီးပညာရှင် အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက ဆုတောင်းမေတ္တာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**မကွေး အောက်တိုဘာ ၁၃**

မကွေးတိုင်း ဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသည့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေး ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါ တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။




အဆိုပါ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးအောင်ချိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးစီးပွားရေးရာ ဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်စုစုခိုင်က(၂/၂၀၂၅-၂၀၂၆) အစည်းအဝေးတွင် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များက လုပ်ငန်း မှတ်ပုံတင် ခွင့်ပြုချထားပေးနိုင်ရေးအတွက် လျှောက်ထားလာမှု အခြေအနေအား Power point ဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားပြီး တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်း မှတ်ပုံတင် စိစစ်ဆုံးဖြတ်ရေး ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အစည်းအဝေးတွင် တင်ပြလျှောက်ထားလာသော ဝင်ငွေတိုးလုပ်ငန်းရှင် ၁၀၅ ဦး၊ ပြင်ပလုပ်ငန်းရှင် ၇၅ ဦး စုစုပေါင်း ၁၈၀ ၏အချက်အလက်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အထောက်အထား အချက်အလက် ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စိစစ်၍ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုချထားပေးနိုင်ရေး အတည်ပြုဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂-၁၀-၂၀၂၅ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၁၉-၆-၂၀၂၅ ရက်နေ့မှ ၅-၉-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း တစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၃၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း နှစ်ဦး ပေါင်း ၄၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၇၀၀၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၉၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၇၀၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၃ - ၁၀ -၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၅-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၃၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၇၅ ရက်
သာ လိုတော့သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅)ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက် အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

### ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၀၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

NCA (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# NCA လုပ်ငန်းစဉ်ကို မသွေဖည် တစည်းတလုံးတည်း ဆက်လက်ဖော်ဆောင်ကြရမည်

**မောင်ငြိမ်းအေး**

လောကဦး တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ပါတီနှင့် တစ်ပါတီ နိုင်ငံရေးစနစ် သို့မဟုတ် ယုံကြည်ချက်မတူနိုင်၊ မတူသော်ငြား လည်း အတူနေထိုင်ခြင်းသည် သာယာဝပြောသော လူ့ဘောင် သို့မဟုတ် ယဉ်ကျေးသော ဒီမိုကရေစီဟု ဆိုနိုင်သည်။ ဒီမိုကရေစီစနစ်တွင် အခြားသူ၊ အခြား အဖွဲ့အား ရန်မပြုဘဲ မိမိနှစ်သက်သည့်စနစ် သို့မဟုတ် ယုံကြည်ချက်ကို ထူထောင်ခွင့်ရှိသည်။ သို့မဟုတ်မှုဘဲ **"ငါနှင့်မတူ ရန်သူ"**ဟု သတ်မှတ်သူ သည်ကား အာဏာရှင် သို့မဟုတ် စစ်ကိုလိုလားသူ သို့မဟုတ် ငြိမ်းချမ်းရေးကို လက်မခံသူဟု ဆိုနိုင်သည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲလွဲနေသော ပြဿနာကို တွေ့ဆုံစေ့စပ်သောနည်း သို့မဟုတ် နှစ်ဖက်လက်ခံ သဘောတူလာအောင် ဆွေးနွေးသောနည်းဖြင့်မဟုတ်ဘဲ လက်နက်ဖြင့် ဖြေရှင်းလိုသူသည်ကား ငြိမ်းချမ်းရေးကို လက်မခံသူ သို့မဟုတ် စစ်ကို လိုလားသူသာဖြစ်သည်။ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသူသည် အဆိုပါတိုင်းပြည်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားလွတ်လပ်ရေးကို ထိပါးခြင်းသာ ဖြစ်သည်။ စစ်ကိုဖန်တီးခြင်းဖြစ်သည်။ ယင်းတို့သည် မငြိမ်းချမ်းခြင်း၏ သဘာဝများဖြစ်သည်။ မငြိမ်းချမ်းခြင်းသည် မတူညီသော ယုံကြည်ချက်ကို လက်နက်ဖြင့် တုံ့ပြန်လိုခြင်းဖြစ်သည်။

**ပဋိပက္ခများ ရပ်ဆိုင်း**

ငြိမ်းချမ်းခြင်းကို လူတိုင်းလိုချင်သည်။ လူတိုင်း လိုလားသည်။ ငြိမ်းချမ်းရေးကို အလိုလားဆုံးသူများမှာ ပဋိပက္ခနယ်မြေအတွင်းမှ ပြည်သူများနှင့် လက်နက်ကိုင်ထားသော နှစ်ဖက်စလုံးမှ လူများဖြစ်သည်။ မငြိမ်းချမ်းခြင်း၏ အနိဋ္ဌာရုံများ၊ စက်ဆုပ်ဖွယ်ရာများ၊ ကြောက်မက်ဖွယ်ရာများကို သူတို့ကိုယ်တွေ့ အသိဆုံးဖြစ်သည်။ သို့ဆိုပါလျှင် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်မသွားဘဲ အဘယ်ကြောင့် ဆက်တိုးနေကြပါသနည်း။ အကြောင်းအမျိုးမျိုးရှိမည်၊ ခံယူချက်အမျိုးမျိုး ရှိမည်၊ ယုံကြည်ချက်အဖုံဖုံရှိမည်။ အကြောင်း အမျိုးမျိုး၊ ယုံကြည်ချက်၊ ခံယူချက်တို့ကို အလျှော့ပေး လိုက်လျော၊ အပေးအယူညှိနှိုင်းမှုမရှိသဖြင့် လက်နက်ကိုင်ပဋိပက္ခများ မရပ်ဆိုင်း၊ မရပ်ဆိုင်း လိုဘဲ ဆက်လက်ရှိနေခြင်းဖြစ်သည်။

အဓိကပြဿနာမှာ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းနေခြင်းဖြစ်သည်။ အမှန်တကယ်တွင် စစ်ရေးသည် ဒုတိယ၊ နိုင်ငံရေး သည် ပထမဖြစ်သင့်သည်။ နိုင်ငံရေးပြဿနာကို ပထမဦးစားပေး ဖြေရှင်းနိုင်မည်ဆိုလျှင် လက်နက်ကိုင်တိုက်ပွဲများ ဆိတ်သုဉ်း၍ ငြိမ်းချမ်းရေးနှင့် အလှမ်းမဝေးဟု ဆိုချင်သည်။ တိုက်ပွဲများ ဖြစ်ပွားနေခြင်းသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ စစ်ရေးနည်းဖြင့် ဖြေရှင်းနေသောကြောင့်ဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားနေခြင်းသည် မယုံကြည်မှု၊ အလျှော့မပေးလိုမှု၊ ရည်မှန်းချက်အတိုင်းမရမှု၊ လက်နက်ကိုင်ကဏ္ဍ မပျောက်လိုမှု စသည်ဖြင့် တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်နိုင်သည်။

**စစ်ရေးနည်းလမ်းဖန်တီး**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ နိုင်ငံရေးအယူအဆ ကွဲပြားမှုကြောင့် လက်နက်စွဲကိုင်ကာ တိုင်းရင်းသားလူမျိုးအချင်းချင်း စစ်ခင်းပြီး စစ်ရေးအသွင်ဆောင်ခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ဖြစ်သည်။ အတိတ်ကာလက နိုင်ငံရေးခံယူချက်သက်သက်ဖြင့် လက်နက်ကိုင်ပဋိပက္ခများကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ မျက်မှောက်ကာလ ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများမှာ လွတ်လပ်ရေးမရမီ၊ ရပြီးစကာလက ဆင်နွှဲခဲ့သော တိုက်ပွဲများ၏ နိုင်ငံရေးရည်မှန်းချက်များနှင့်မတူ ကွဲပြားခြားနားသည်။ ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးရည်မှန်းချက်ရှိသော အစုအဖွဲ့တစ်စုက နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်း သို့မဟုတ် ကိုယ်ကျိုးစီးပွားအတွက် စစ်ရေးကို ဖန်တီးခြင်း ဖြစ်သည်။

> ❝ယခု ၂၀၂၅ ခုနှစ်တွင် နယ်ပယ်ကဏ္ဍစုံ၊ ပုဂ္ဂိုလ်မျိုးစုံပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ်နှင့် NCA (၁၀)နှစ်မြောက်ကာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးခဲ့မှုများမှ တစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုး အတည်ပြုနိုင်ခဲ့သည်။ ယင်းသဘောတူညီချက်များနှင့် ယခင်အစိုးရများလက်ထက် ငြိမ်းချမ်းရေး ညီလာခံရလဒ်များမှ စုစည်းထားသည့် ပြည်ထောင်စုသဘောတူညီချက် (Union Accord) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်ကျင်းပမည့် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် ပြည်ထောင်စုလွှတ်တော်ကို စုစည်းတင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်နိုင်ရေးလုပ်ငန်းစဉ်များကို ပြန်လည်ဆောင်ရွက်သွားမည်❞

မည်သို့ပင်ဖြစ်စေ တပ်မတော်အနေဖြင့် ပြည်ထောင်စုကြီးအကျိုးကို ရှေးရှု၍ ငြိမ်းချမ်းရေးကို အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိသည်။ လက်ကမ်း ဖိတ်ခေါ်လျက်ရှိသည်။ ငြိမ်းချမ်းရေးအတွက် ကနဦးခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ရန် ၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံတော် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အတူ ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ အတူတကွ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုကြီးဖြစ်၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သည်။

**NCA သဘောတူစာချုပ်**

နိုင်ငံတော်အစိုးရအဆက်ဆက်သည် ငြိမ်းချမ်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်ကို တွေ့နိုင်သည်။ ငြိမ်းချမ်းရေးသည် တက်တစ်လှည့်၊ ဆုတ်တစ်လှည့် အကြိမ်ကြိမ် ဖြစ်ခဲ့သည်။ ရောင်နီသန်းလိုက်၊ တိမ်သလ္လာဖုံးလိုက် ဖြစ်ခဲ့သည်။ အစိုးရအနေဖြင့် စိတ်မပျက်ဘဲ ပြည်ထောင်စုအကျိုးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အဆက်မပြတ် အကောင်အထည် ဖော်သည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေး အတွက် NCA သဘောတူစာချုပ်အတိုင်း အကောင် အထည်ဖော်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့် အချက်ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် NCA သဘောတူစာချုပ်ပါအတိုင်း အကောင်အထည် ဖော်ကြရမည်။

တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို စတင်ဆောင်ရွက်ခဲ့သည်။ ယနေ့အချိန်အထိ တစ်ဖက်သတ် အပစ်ရပ်ထုတ်ပြန်ဆောင်ရွက်မှု ၂၇ ကြိမ်ရှိသည်။ ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားသည်မှာ ပေါ်လွင်သည်။ အပစ်အခတ် ရပ်စဲပြီး တွေ့ဆုံဆွေးနွေး အဖြေရှာရေးလမ်းကြောင်း ဖြင့်သာ ငြိမ်းချမ်းရေးအတွက် နီးစပ်မည်။ ငြိမ်းချမ်း ရေးဆောင်ရွက်ရာတွင် ဖြစ်ချင်သည်များကို ပြောဆို နေမည့်အစား ဖြစ်သင့်သည်များကိုပြောပြီး ဖြစ်နိုင် သည်များကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင် ကြခြင်းဖြင့် လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ကာ နိုင်ငံနှင့် ပြည်သူ လူထု၏ ကောင်းရာကောင်းကျိုးကို ရှေးရှုကြရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်တွန်း ထားသည်။

> ❝ရှေ့မတိုးသာ နောက်မဆုတ်သာ လိပ်ခဲတည်းလည်းအခြေအနေမှ ကျော်လွှားနိုင်ရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးအဖြေရှာရေး လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ဆောင်ရွက်ကြမှသာ ငြိမ်းချမ်းရေးရှေ့ခရီးကို ဆက်နိုင်မည်ဖြစ်သည်။ NCA သည် တစ်နိုင်ငံလုံးအတွက် ရည်ရွယ်သဖြင့် လက်မှတ်ရေးထိုးသူအားလုံးက တိတိကျကျ အကောင်အထည်ဖော်မှသာ အောင်မြင်မည်ဖြစ်သည်။ NCA ၏ အနှစ်သာရသည် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ထူထောင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်ဖြစ်❞

**အကြိမ်ကြိမ်ဆွေးနွေးခဲ့**

နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ NCAလက်မှတ်ရေးထိုးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယခု ၂၀၂၅ ခုနှစ်တွင် နယ်ပယ်ကဏ္ဍစုံ၊ ပုဂ္ဂိုလ်မျိုးစုံပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum)တစ်ကြိမ်နှင့် NCA (၁၀)နှစ်မြောက်ကာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးခဲ့မှုများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုး အတည်ပြုနိုင်ခဲ့သည်။ ယင်းသဘောတူညီချက်များနှင့် ယခင်အစိုးရများလက်ထက် ငြိမ်းချမ်းရေးညီလာခံရလဒ်များမှ စုစည်းထားသည့် ပြည်ထောင်စုသဘောတူညီချက် (Union Accord) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်ကျင်းပမည့် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် ပြည်ထောင်စုလွှတ်တော်ကို စုစည်းတင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်နိုင်ရေး လုပ်ငန်းစဉ်များကို ပြန်လည်ဆောင်ရွက်သွားမည်ဟု သိရသည်။

**ထာဝရငြိမ်းချမ်းရေးဖော်ဆောင်**

ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့သည် **စာမျက်နှာ ၁၁ သို့** ❂

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြင်ဦးလွင်မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

**မှာကြား**

ဦးစွာ ခရိုင်နှင့် မြို့နယ်ရုံးများမှ တာဝန်ခံအရာရှိများနှင့် ဝန်ထမ်းများက လုပ်ငန်းတာဝန်ထမ်းဆောင်မှုအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းစည်းကမ်းနှင့်အညီ နေထိုင်ကြရန်၊ ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီလိုက်လျောညီထွေဖြစ်စေရန် မိမိတို့လုပ်ငန်း ဘာသာရပ် (Subject) သာမက ဘာသာစကား (Language) နှင့် IT နည်းပညာများကို ဖြည့်ဆည်းထားကြရန်၊ လုံခြုံရေးကို အလေးဂရုပြုလိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသအား နိုင်ငံတော်က ခရီးသွားမြို့တော်၊ အားကစားမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော်၊ စံပြမြို့တော်အဖြစ် ဖော်ဆောင်ရာတွင် မိမိတို့ဝန်ထမ်းများအနေဖြင့် ရောက်ရှိ တာဝန်ထမ်းဆောင်သည့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းများကို ဆန်းသစ်သည့် အတွေးအခေါ်များ၊ အကြံဉာဏ်ကောင်းများပေးနိုင်ရန် အစဉ်အမြဲ ကြိုးစားဆောင်ရွက် သွားကြရန် လိုအပ်ကြောင်း ပြောကြားပြီး ရုံးတာဝန်ခံအရာရှိများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့ပြင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးတို့နှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချမ်းမြသာစည်မြို့နယ် အားကစားကွင်းသို့သွားရောက်၍ ဘောလုံးကွင်း ရေစိမ့်မြောင်းများနှင့် ရေဖျန်းစနစ် (Sprinkler)များ ကောင်းမွန်စေရေး၊ ဘောလုံးကွင်းဂိုးတိုင်၊ ဂိုးပိုက်များနှင့် Coner တိုင်များ စနစ်တကျတပ်ဆင်ထားရှိရေး၊ ရေလုံလောက်စွာရရှိစေရေးနှင့် ရေလိုင်း၊ မီးလိုင်းများ ကောင်းမွန်စေရေးတို့အတွက် ရေစင်တည်ဆောက်ထားရှိမှုအခြေအနေ၊ မိုးလုံလေလုံအားကစားရုံ ရေရှည်တည်တံ့စေရေး၊ ခိုငှက်များ မဝင်ရောက်နိုင်စေရေး သံဆန်ခါများဖြင့် ကာရံသွားရေးနှင့် ပြည်သူများလာရောက်လေ့ကျင့် ကစားနိုင်စေရေးတို့အတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အငြိမ်းစားများနှင့် ပြည်သူများအားတွေ့ဆုံပြီး လတ်တလော နေထိုင်၊ သွားလာ၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် အားကစားပစ္စည်းများနှင့် လိုအပ်သည်များကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## လွိုင်လင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**လွိုင်လင် အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး သင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးသိန်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများပေးအပ်သည်။

အဆိုပါ အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ နိုဝင်ဘာ ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဇုန်နှစ်ဇုန်ရှိ သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ လာရောက်ကြည့်ရှု အားပေးကြသည်။



ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။

အဆိုပါ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ အောက်တိုဘာ ၁၈ ရက်အထိ ကျင်းပလျက်ရှိပြီး ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အောက်တိုဘာ ၁၄ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှ စတင်ကာ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

**တောင်ကြီး အောက်တိုဘာ ၁၃**

တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့တွင် တောင်ကြီးမြို့ ကံကြီးရပ်ကွက်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေရရှိရေးကို တည်ဆဲအခွန်ဥပဒေများနှင့် အညီ စည်းကြပ် ကောက်ခံရမည်ဖြစ်သည့်အတွက် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အခွန်ပေးဆောင်မှု လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ်၌ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျုံပျော် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေး (ရုံးချုပ်)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရွာခဲ (အထောင် - ကညင်ဆိုင်) လမ်းပေါ်ရှိ ရွာခဲ (ပလ္လင်တံတား) တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမေရိကန်သမ္မတထရမ့် အစ္စရေးပါလီမန်တွင် မိန့်ခွန်းပြောကြား



ဂျေရုဆလင် အောက်တိုဘာ ၁၃

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့ကြားဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခသည် လက်ရှိအချိန်တွင် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က အစ္စရေးပါလီမန်၌ အောက်တိုဘာ ၁၃ ရက်တွင် မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

သမ္မတထရမ့်၏ ခရီးစဉ်သည် အစ္စရေးနှင့် ဟားမတ်စ်ကြား အကျဉ်းသားများ လဲလှယ်နေသည့်အချိန်တွင် သွားရောက်သည့် ခရီးစဉ်ဖြစ်ကြောင်းသိရသည်။ လက်ရှိအချိန်တွင် ဂါဇာဒေသတွင် ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားခဲ့ကြောင်းနှင့် ယခုရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် အစ္စရေးနှင့် ပါလက်စတိုင်းအတွက်သာမကဘဲ ဂါဇာဒေသခံများအားလုံးအတွက်ဖြစ်ကြောင်း သမ္မတထရမ့်က အစ္စရေးပါလီမန်၌ မိန့်ခွန်းပြောကြားရာတွင် မှတ်ချက်ပြုပြောကြားသည်။ အမေရိကန်၏ အကူအညီပေးမှုကြောင့် အစ္စရေးသည် စစ်ရေးအင်အားကောင်းလာခဲ့ကြောင်း သမ္မတထရမ့်က ပြောကြားသည်။

သို့ရာတွင် ပါလီမန်အတွင်း ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုကြောင်း တက်ရောက်လာသူတစ်ဦးက ဆန္ဒဖော်ထုတ်ခဲ့သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# အစ္စရေး၏ စစ်ရေးလှုပ်ရှားမှုများ ရပ်တန့်မည်မဟုတ်ကြောင်း နေတန်ယာဟု ပြောကြား

ဂျေရုဆလင် အောက်တိုဘာ ၁၃

အစ္စရေးနှင့် ဟားမတ်စ်ကြား အကျဉ်းသားများအပြန်အလှန် လဲလှယ်ခြင်းကို ဆောင်ရွက်နေသော်လည်း အစ္စရေး၏စစ်ရေးလှုပ်ရှားမှုများ ရပ်တန့်မည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

အကျဉ်းသား အပြန်အလှန်လဲလှယ်ရေးအစီအစဉ်သည် သမိုင်းတွင်သည့် ဖြစ်ရပ်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ အစ္စရေးသည် လက်ရှိအချိန်တွင် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများရှိနေပြီး ရန်သူများသည် ပြန်လည်အုပ်စုဖွဲ့ခြင်းကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ အစ္စရေးသည် ဟားမတ်စ်အား အနိုင်ရရှိခဲ့ပြီး ၎င်းကဲ့သို့အနိုင်ရရှိခြင်းမှာ စစ်ရေးနှင့် သံတမန်ရေးရာဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဂါဇာဒေသကို အရင်းခံ၍ အစ္စရေးနိုင်ငံနှင့် နိုင်ငံသားများအား ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အစ္စရေးတပ်မတော်က ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဘယ်လာရုစ်နိုင်ငံမြို့တော် မင့်စ်နှင့် ဗီယက်နမ်နိုင်ငံ ဖူကူကျွန်းတို့အကြား ပထမဆုံး တိုက်ရိုက်လေကြောင်းပြေးဆွဲ

**မင့်စ် အောက်တိုဘာ ၁၃**

ဘယ်လာရုစ်နိုင်ငံမြို့တော် မင့်စ်နှင့် ဗီယက်နမ်နိုင်ငံ ဖူကူကျွန်းတို့အကြား ပထမဆုံး တိုက်ရိုက်လေကြောင်း ပြေးဆွဲခြင်းကို အောက်တိုဘာ ၁၂ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

**ပထမဆုံးခရီးစဉ်**

ဘယ်လာရုစ်နိုင်ငံ ဗီလာဗီယာ လေကြောင်းလိုင်းမှ ခရီးသည် ၂၈၁ ဦး သယ်ဆောင်လာသည့် လေယာဉ်သည် ဖူကူနိုင်ငံတကာလေဆိပ်သို့ အောက်တိုဘာ ၁၂ ရက်တွင် ပထမဆုံးခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့သည်။ ခရီးစဉ်အား ၁၁ ရက်လျှင် တစ်ကြိမ်ပြေးဆွဲမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသို့ ၂၀၂၅-၂၀၂၆ ခုနှစ်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံသား ၁၀၀၀၀ လာရောက်လည်ပတ်မည်ဟု ခန့်မှန်းထားသည်။ ယခုလေကြောင်းခရီးစဉ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် တိုလန် ဘယ်လာရုစ်နိုင်ငံသို့ ယခုနှစ် မေလတွင် လာရောက်စဉ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာသည့် ရလဒ်များကို ဖော်ပြနေကြောင်း ဘယ်လာရုစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလူကာရှီဗစ်က လေကြောင်းခရီးစဉ်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ နှစ်နိုင်ငံကြား နိုင်ငံရေး၊ စီးပွားရေးနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နေကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်၏ ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးသည့် မူဝါဒကြောင့် ဘယ်လာရုစ်နိုင်ငံသားများသည် ဗီယက်နမ်နိုင်ငံတွင် ဗီဇာမလိုအပ်ဘဲ ရက် ၃၀ အထိနေထိုင်နိုင်ကာ လှပပြီး ညှို့ဝတ်ကျေပွန်သည့် ဗီယက်နမ်နိုင်ငံ၏ အတွေ့အကြုံများကို ရယူနိုင်ကြောင်း ၎င်းက ပြောကြားသည်။ ဗီလာဗီယာလေကြောင်းလိုင်းအနေဖြင့် ဗီယက်နမ်နိုင်ငံရှိ အခြားအပန်းဖြေဒေသများသို့ လေကြောင်းခရီးများ ပြေးဆွဲရေး စီစဉ်ဆောင်ရွက်နေကြောင်း ဗီလာဗီယာလေကြောင်းလိုင်း တာဝန်ရှိသူ Gleb Parkhamovich က ပြောကြားသည်။

**ကိုးကား – ဗွီအင်န်အိက်ပရက်**
**ဘာသာပြန် – စိုးသူရ**




# ဗီယက်နမ်နိုင်ငံ၌ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွား

**ဟနွိုင်း အောက်တိုဘာ ၁၃**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်မှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း အမျိုးသားမိုးလေဝသစင်တာက ပြောကြားသည်။

နိုင်ငံအရှေ့မြောက်ပိုင်းတွင် မိုးရေချိန် ၃၀ မီလီမီတာ၊ နိုင်ငံအလယ်ပိုင်း သန်ဟိုနှင့် ဟာတင်ပြည်နယ်တို့တွင် မိုးရေချိန် ၄၀ မီလီမီတာ အသီးသီးရှိကြောင်း သိရသည်။

ဒေသအတွင်း မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခြင်းများ ဖြစ်နိုင်ကြောင်း ၎င်းစင်တာက ပြောကြားသည်။ မြစ်ချောင်းများနှင့် မြေနိမ့်ဒေသများတွင် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ ထပ်မံဖြစ်ပွားလာနိုင်သည့်အတွက် ဒေသခံများအား သဘာဝဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ကြရေး ညွှန်ကြားခဲ့သည်။

**ကိုးကား – ဗွီအင်န်အိက်ပရက်**
**ဘာသာပြန် – စိုးသူရ**



# အစ္စရေးနှင့် ဟားမတ်စ်ကြား အကျဉ်းသားများ အပြန်အလှန်လွှတ်ပေး

**ဂျေရုဆလင် အောက်တိုဘာ ၁၃**

အကျဉ်းသားများလဲလှယ်ရေး အစီအစဉ်အရ ပါလက်စတိုင်း အကျဉ်းသားများကို အစ္စရေးအကျဉ်းထောင်များမှ စတင်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် အစ္စရေးဓားစာခံ ၂၀ ကို ပြန်လွှတ်ပေးခဲ့ပြီးနောက် ယခုကဲ့သို့ ပါလက်စတိုင်းအကျဉ်းသားများကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

အကျဉ်းသားလဲလှယ်ရေး သဘောတူညီချက်အရ ပါလက်စတိုင်း အကျဉ်းသား ၂၀၀၀ ကို အစ္စရေးက ပြန်လွှတ်ရမည်ဖြစ်သည်။

ဟားမတ်စ်အဖွဲ့က ဂါဇာကမ်းမြောင်ဒေသတွင် ထိန်းသိမ်းထားသည့် ဓားစာခံအယောက် ၂၀ ကို ပြန်လွှတ်ပေးခဲ့ကြောင်း အစ္စရေးတပ်မတော်က အောက်တိုဘာ ၁၃ ရက်တွင် ကြေညာခဲ့သည်။

ယခုဆောင်ရွက်ချက်သည် အမေရိကန်သမ္မတထရမ့်အဆိုပြုခဲ့သည့် ငြိမ်းချမ်းရေးအစီအစဉ်အရ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

အမေရိကန်သမ္မတထရမ့်သည် အစ္စရေးပါလီမန်တွင် မိန့်ခွန်းပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ ပထမအဆင့်တွင် အပစ်အခတ်ရပ်စဲရေးစတင်ချိန်မှ ၇၂ နာရီအတွင်း ဟားမတ်စ်အဖွဲ့သည် ၎င်းတို့ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရမည်ဖြစ်သည်။ သေဆုံးသူများ၏ ရုပ်အလောင်းကို ပြန်လည်ရယူရေးအတွက် အချိန်ယူရမည်ဖြစ်သည်။ သို့ရာတွင် သဘောတူညီမှုတွင် ပါဝင်သည့်အချက်များဖြစ်သည့် ဂါဇာဒေသအား စီမံခန့်ခွဲရေးနှင့် လက်နက်ချရေးတို့ကို ဟားမတ်စ်အဖွဲ့က သဘောတူခြင်းမရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# Let's Write in English daily, young ones.
# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

## အိမ်စာအလောတကြီးလုပ်တဲ့အကျင့် ဘာလို့မကောင်းတာလဲ

ကျောင်းသား ကျောင်းသူတိုင်းကတော့ အိမ်စာမြန်မြန်ပြီးချင်တာ၊ ပြီးတာနဲ့ ကိုယ်ကြိုက်တဲ့ ဂိမ်းလေးဆော့ချင်တာ ဒါမှမဟုတ် သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့နေရာ သွားချင်တာမျိုးဖြစ်ဖူးကြမှာပါ။ အဲဒီအခါကျတော့ အိမ်စာတွေကို ကမန်းကတန်းနဲ့ ခပ်ချာချာပဲ လုပ်ပစ်လိုက်တာမျိုး ရှိခဲ့ဖူးမှာပါခင်ဗျာ။

ဒါပေမဲ့ ဒီလို အလောတကြီးလုပ်တဲ့အကျင့်က စာကို သေချာနားမလည်ဘဲ ဖြစ်စေပြီး ကိုယ့်ရဲ့နောင်ပညာရေးအတွက်ပါ ထိခိုက်စေနိုင်ပါတယ်။

**အလျင်လိုရင် ဖြစ်တတ်တဲ့ ဆိုးကျိုး (၄) ချက်**

စာကို မြန်မြန်ဖြတ်လိုက်ရင် ဘယ်လိုဆိုးကျိုးတွေ ရိုက်ခတ်လာနိုင်လဲဆိုတာ ဒီမှာကြည့်ရအောင်။

**၁။ စာကို အပေါ်ယံလေးပဲ သိတော့တာ**

အဓိကအချက်တွေကို ဦးနှောက်ထဲ တကယ်မဝင်ဘဲ ခဏလေးနဲ့ မေ့သွားတာမြန်တယ်။ (ဥပမာ- မနေ့က ကျက်ထားတာ ဒီနေ့ကျ မမှတ်မိတော့တာမျိုးပေါ့။)

**၂။ အမှားတွေများပြီး အဆင့်တွေကျတာ**

ဂရုမစိုက်တော့ အမှားတွေပိုလာပြီး စာမေးပွဲမှာ ကိုယ့်ရဲ့အဆင့် (Grades) တွေ ထိုးကျလာမယ်။

**၃။ စိတ်ဓာတ်ကျပြီး စိတ်ဖိစီးလာတာ**

အဆင့်ကျတော့ စိတ်ညစ်မယ်။ စာလုပ်ရတာ စိတ်မပျော်တော့ဘဲ စိတ်ဖိစီးမှုတွေများလာမယ်။ နောက်ဆုံးဆိုရင် စာကို လက်လျှော့ချင်တာမျိုးအထိတောင် ဖြစ်နိုင်ပါတယ်။

**၄။ "နောက်ဆုံးမိနစ်မှ ပြေးလုပ်" တဲ့ အကျင့်ဆိုးဝင်တာ**

နောက်ဆုံးအချိန်မှ အချိန်မရှိတော့လို့ အသည်းအသန်ပြေးလုပ်ရတဲ့ ဒီအကျင့်ဆိုးက ကိုယ့်ဘဝအတွက် လုံးဝအကျိုးမရှိပါဘူးနော်။

***ဘာလို့ အလျင်စလို လုပ်ချင်ရတာလဲ။***

"ဘာလို့ ဒီလောက် အလောတကြီးဖြစ်နေရတာလဲ"ဆိုတဲ့ အကြောင်းရင်းတွေကတော့...

**ပျင်းနေလို့၊ တခြားဟာ လုပ်ချင်လို့ --**

စာကြည့်ချိန်မှာ ပျင်းပြီး ဖုန်းကြည့်တာ၊ ဂိမ်းဆော့တာလို ကိုယ်လုပ်ချင်တဲ့အရာကို မြန်မြန်သွားလုပ်ချင်လို့ပါ။

**ခက်လွန်းလို့/ များလွန်းလို့ --**

အိမ်စာတွေက ခေါင်းစားစရာ ဒါမှမဟုတ် လုပ်စရာတွေပုံနေလို့ ပင်ပန်းပြီး မြန်မြန်ရှင်းပစ်ချင်လို့ပါ။

**ဖိအားပေးခံရတာ --**

အဆင့်ကောင်းကောင်း မြန်မြန်ရဖို့ ဖိအားတွေများနေတာ၊ ဒါမှမဟုတ် သူငယ်ချင်းတွေ မြန်မြန်ပြီးတာကို အားကျပြီး "မြန်မှတော်တာ" လို့ ထင်သွားတာမျိုးပါ။

**အချိန်စီမံခန့်ခွဲမှု မလုပ်တတ်သေးတာ**

ဘယ်အချိန် ဘာလုပ်ရမလဲဆိုတာကို Plan ကောင်းကောင်းမဆွဲတတ်သေးလို့ပါ။ (time management)

**ဖြည်းဖြည်းမှန်မှန် နည်းလမ်းကောင်းများ**

အလျင်လိုတဲ့စိတ်ကို ကျော်လွှားပြီး ပိုတော်တဲ့ကျောင်းသား ကျောင်းသူတစ်ယောက်ဖြစ်လာအောင် ဒီနည်းလမ်းကောင်းလေးတွေကို စမ်းလုပ်ကြည့်ကြပါစို့။

**အချိန်ခွဲပြီး နားပါ (Timer သုံးပါ)**


စာကို တစ်ထိုင်တည်း အကြာကြီးထိုင်မလုပ်ဘဲ ၂၅ မိနစ်လောက်ပဲ အာရုံစိုက်ပြီးလုပ်ပါ။ ပြီးရင် ၅ မိနစ်နားပါ။ ဒါဆို ဦးနှောက်ကို အနားပေးပြီး ပိုပြီး ပေါ့ပါးထိရောက်လာပါလိမ့်မယ်။

**ကိုယ်တိုင်ပြန်စစ်တဲ့ အကျင့်လုပ်ပါ (Self-Check)**

အိမ်စာပြီးတာနဲ့ ချက်ချင်းပစ်မထားဘဲ ကိုယ်လုပ်ထားတာတွေကို ကိုယ်တိုင်ပြန်စစ်တဲ့အကျင့်ကို မွေးပါ။ Tip: အမှားပဲ ရှာမယ့်အစား "ငါ ဘယ်အပိုင်းတွေ အကောင်းဆုံး လုပ်ထားလဲ" ဆိုတာ အရင်ကြည့်ပြီးမှ အမှားတွေကိုပြင်ပါ။

**ညွှန်ကြားချက်ကို အေးဆေးဖတ်ပါ**

အလုပ်တစ်ခု စတော့မယ်ဆိုရင် ဆရာမပေးထားတဲ့ Instructions (ညွှန်ကြားချက်) တွေကို ဖြည်းဖြည်းချင်းဖတ်ပါ။ ပြီးရင် "ဘာလုပ်ရမလဲ" ဆိုတာ ကိုယ့်ဘာသာနားလည်အောင် ပြန်ပြောကြည့်ပါ။ ဒါဆို ဘာလုပ်ရမှန်းမသိဘဲ ထင်ရာစွတ်လုပ်တာမျိုး သက်သာပါလိမ့်မယ်။



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

အလျင်လိုတာဟာ ပြေးပွဲမှာ မြန်လွန်းလို့ လဲကျသွားတာနဲ့တူပါတယ်။ မြင်းကောင်းခွာလိပ်ဆိုတဲ့ စကားလိုပဲ။ ဖြည်းဖြည်းမှန်မှန်နဲ့ ဂရုတစိုက် လုပ်ဆောင်တာကသာ ကိုယ့်ကို တကယ်အောင်မြင်စေမှာပါ။ ဒါကြောင့် စိတ်ရှည်ရှည်နဲ့ အကောင်းဆုံး ကြိုးစားကြဖို့လိုပါတယ်ခင်ဗျာ။

***လက်တွေ့ ရေးကြစို့ --***

- အိမ်စာကို အလောတကြီး လုပ်တာက ကိုယ့်အနာဂတ်အတွက် မကောင်းဘူး။
  Rushing homework is bad for your future.
- စာတွေကို ခဏလေးနဲ့ ပြန်မေ့သွားစေတယ်။
  It causes you to forget things quickly.
- အမှားတွေများပြီး အဆင့် (Grades) တွေ ကျစေတယ်။
  It leads to mistakes and low grades.
- စိတ်ဖိစီးမှုတွေ များလာပြီး စိတ်ညစ်ရမယ်။
  Rushing increases stress and frustration.
- ပျင်းလို့ ဒါမှမဟုတ် ဂိမ်း/တခြားဟာ လုပ်ချင်လို့ အလျင်လိုတာ။
  You rush because you are lazy or want to play games.
- အိမ်စာတွေက ခက်လွန်းလို့၊ ဒါမှမဟုတ် များလွန်းလို့ မြန်မြန်ရှင်းချင်တာ။
  The tasks might feel too difficult or too many.
- အချိန်ကို ကောင်းကောင်း စီမံခန့်ခွဲတတ်ဖို့လိုတယ်။
  You need to manage your time better.
- အချိန်ခွဲပြီး နားနားနေနေလုပ်ပါ။ (ဥပမာ- ၂၅ မိနစ်လုပ်၊ ၅ မိနစ်နား။)
  Study in short, focused intervals (e.g., 25 mins work, 5 mins break).
- အိမ်စာပြီးတာနဲ့ ချက်ချင်းပြန်စစ်တဲ့ အကျင့်လုပ်ပါ။
  Always check your work when you finish.
- ဘာလုပ်ရမလဲဆိုတဲ့ ညွှန်ကြားချက်တွေကို အေးဆေး ဖတ်ပါ။
  Read instructions carefully before starting.
- ဖြည်းဖြည်းမှန်မှန် လုပ်တာကသာ အောင်မြင်မှုကို တကယ် ပေးမှာပါ။
  Slow and steady wins the race.

***မှတ်သားရမှာက --***

Don't rush your homework! Doing it too fast means you will forget things, make more mistakes, and get low grades. Take breaks and check your work carefully. Slow and steady is the best way to succeed!

## သတ်ပုံအမှားများ

**လှသမိန်**

(၇-၁၀-၂၀၂၅ ရက်နေ့မှအဆက်)

**မြင်း-မျဉ်း**

**အမှား။** ဤအသင်း၏ **စီးမြင်း**ကို ပြင်ဆင်ရန်လိုသည်။

**အမှန်။** ဤအသင်း၏ **စည်းမျဉ်း**ကို ပြင်ဆင်ရန်လိုသည်။

**အကြောင်းပြ။** စီးမြင်းမှာ စီးရသောမြင်းသတ္တဝါဖြစ်၍ အသင်းစည်းကမ်း၊ မျဉ်းအနားသတ်တို့ကို (စည်းမျဉ်း)ဟူ၍သာ ရေးရသည်။

**ကန်း-ကမ်း**

**အမှား။** အိမ်နှင့်**ဆိတ်ကန်း** မည်မျှဝေးသနည်း။

**အမှန်။** အိမ်နှင့်**ဆိပ်ကမ်း** မည်မျှဝေးသနည်း။

**အကြောင်းပြ။** ဆိတ်ကန်းမှာ မျက်စိကန်းသော ဆိတ်သတ္တဝါသာဖြစ်၍ မြစ်ဆိပ်ကမ်းပါးကို(ဆိပ်ကမ်း)ဟုသာ ရေးရသည်။

**စင်း-စဉ်း**

**အမှား။** ဆေးဆရာထံမှ **မြက်စဉ်း**နည်းရလိုသည်။

**အမှန်။** ဆေးဆရာထံမှ **မျက်စဉ်း**နည်းရလိုသည်။

**အကြောင်းပြ။** မြက်စဉ်းနည်းမှာ မြက်ပင်ကို ခုတ်စဉ်းသည့်နည်းသာဖြစ်၍ မျက်စိကိုစဉ်းခတ်ရသော ဆေးကို(မျက်စဉ်း) ဟုပင် ရေးရသည်။

**အိပ်-အိတ်**

**အမှား။** ဤစာအုပ်မှာ **အိပ်ဆောင်**အရွယ်ဖြစ်သည်။

**အမှန်။** ဤစာအုပ်မှာ **အိတ်ဆောင်**အရွယ်ဖြစ်သည်။

**အကြောင်းပြ။** အိပ်ဆောင်မှာ အိပ်စက်သောအဆောင်ကို ဆိုလိုသဖြင့် အရွယ်အလွန်ကြီးမားလှပေသည်။ အင်္ကျီအိတ်ထဲတွင် ဆောင်ယူရနိုင်သည့်အရွယ်ကို (အိတ်ဆောင်) ဟုသာ ရေးရသည်။

**ကျောက်-ကြောက်**

**အမှား။** ဤလမ်းတွင် ခားပြ **ကျောက်**ရသည်။

**အမှန်။** ဤလမ်းတွင် ခားပြ **ကြောက်**ရသည်။

**အကြောင်းပြ။** ကျောက်မှာ ကျောက်မျက်၊ ကျောက်ခဲ အဓိပ္ပာယ်သာရှိသဖြင့် ကြောက်ရွံ့ခြင်းကို အရစ်ဖြင့်သာ ရေးရသည်။

**ခြင်း-ချင်း**

**အမှား။** အလွန်ပူသောအစာကို **ချက်ခြင်း**စားခြင်းကြောင့် သွားကို ထိခိုက်စေသည်။

**အမှန်။** အလွန်ပူသောအစာကို **ချက်ချင်း**စားခြင်းကြောင့် သွားကို ထိခိုက်စေနိုင်၏။

**အကြောင်းပြ။** ရရစ်(ခြင်း)ကြောင့် (ချက်)သည် (ချက်ပြုတ်) သည် ဟူသော အဓိပ္ပာယ်ဝင်၍နေစေ၏။ (ရုတ်တရက် ချက်ချင်း)ကို ယပင့်နှင့်သာ ရေးရသည်။

**တ-ဒ**

အမှား။ ထိုအခါမှစ၍ ဆရာ **တကာ** တို့ သင့်မြတ်ကြလေသည်။

**အမှန်။** ထိုအခါမှစ၍ ဆရာ **ဒကာ** တို့ သင့်မြတ်ကြလေသည်။

**အကြောင်းပြ။** (တကာ)မှာ အများတကာဟူ၍ အဓိပ္ပာယ်ရသဖြင့် ဆရာအပေါင်းတို့အချင်းချင်း သင့်မြတ်သည့်အဓိပ္ပာယ် ရှိနေလေသည်။ ဆရာဘုန်းကြီးနှင့် ဒါယကာတို့ကို ဆိုလိုသဖြင့် (ဒကာ)ဟူ၍သာ ရေးသင့်သည်။

**ဇောင်း၊ စောင်း**

**အမှား။** **မြင်းဇောင်း**ကို သူ့နေရာနှင့်သူ ထားရန်လိုသည်။

**အမှန်။** **မျဉ်းစောင်း**ကို သူ့နေရာနှင့်သူ ထားရန်လိုသည်။

**အကြောင်းပြ။** (မြင်းဇောင်း)မှာ မြင်းတိရစ္ဆာန်ထားသော အဆောက်အအုံဖြစ်၍၊ (မျဉ်းစောင်း)မှာ စောင်းထားသော မျဉ်းတို ဖြစ်လေသည်။ လိုရာအဓိပ္ပာယ်အတိုင်း သတ်ပုံကို မှန်အောင်ရေးရန် လိုပေသည်။

**ခုန်-ခုံ**

**အမှား။** ကျောင်းမတက်မီ စာသင်ခန်းထဲ၌ **ခုန်ချ**ပါ။

**အမှန်။** ကျောင်းမတက်မီ စာသင်ခန်းထဲ၌ **ခုံချ**ပါ။

**အကြောင်းပြ။** (ခုန်ချ)မှာ အမြင့်မှခုန်ဆင်းခြင်းဖြစ်၍ (ခုံချ) မှာ ထိုင်ခုံကို ချထားခြင်းဖြစ်၍ သတ်ပုံမှန်ကန်အောင် ပြင်ဆင်သင့်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များပါဝင်သော မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်း နှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သောစစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ် မောင်မယ်များသည် နိုင်ငံတကာ ယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေး ခရီးစဉ် သွားရောက်ကြမည်ဖြစ်ရာ အဆိုပါ လေ့လာရေးအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါ ထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးကြီး မျိုးမြင့်အောင် ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန် လူငယ် ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်သော စစ်သည်တစ်ဦးနှင့် ကျောင်းအုပ်ချုပ်မှုတာဝန်ခံ နှစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် လေးဦး စုစုပေါင်း ၃၄ ဦးတို့ပါဝင်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာ ၁၈ ရက်အထိ လေ့လာရေးခရီးစဉ်ကာလအတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံရှိ Tian Tan ပန်းခြံ၊ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး (Great Wall) နှင့် အခြားအထင်ကရ နေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခြင်းများ ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သား သမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သား သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများ အနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန် လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ရာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်တွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ လေ့လာရေးခရီး ပြန်လည်စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက် လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ် ထူးချွန် ကျောင်းသား ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-

**ဗိုလ်မှူးကြီး မျိုးမြင့်အောင်**
**(လေ့လာရေးအဖွဲ့ခေါင်းဆောင်)**

အခုလေ့လာရေးခရီး သွားရမယ့် အစီအစဉ်ကတော့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း သား သမီးများထဲမှ အမှတ်အများဆုံးနှင့် လူရည်ချွန်ရရှိခဲ့တဲ့ ကျောင်းသား ကျောင်းသူ ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရစစ်သည်တစ်ဦး၊ အောင်ချက်အကောင်းဆုံး ရရှိခဲ့သည့် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းနှင့် တပ်မတော် ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အုပ်ချုပ်မှုအဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ၃၄ ဦးပါဝင်တဲ့ လေ့လာရေးအဖွဲ့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး၊ ဗုဒ္ဓမြတ်စွယ်တော် ကျောင်းတိုက်၊ ကွမ်ကျိုးမြို့မှာရှိတဲ့ တက္ကသိုလ်တစ်ခုနဲ့ ကွမ်ကျိုးတာဝါ စတဲ့ အထင်ကရ နေရာတွေကို သွားရောက်လည်ပတ်မှာ ဖြစ်ပါတယ်။

အခုလို သွားရောက်တဲ့ခရီးစဉ်မှာ ကျွန်တော့်အနေနဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်၊ အခုလို သွားရောက်ခွင့်ရရှိခဲ့တဲ့အတွက် တပ်မတော် အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ထူးချွန်ကျောင်းသား ကျောင်းသူတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အခုလိုလေ့လာရေးခရီးစဉ်စေလွှတ်ပေးခြင်းဖြင့် တရုတ်နိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့ နည်းပညာ အခြေခံစနစ်တွေ၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုတွေ စတဲ့ ကောင်းမွန်တဲ့အသိပညာဗဟုသုတတွေရရှိမှာဖြစ်ပါတယ်။ ရရှိလာတဲ့ ကောင်းမွန်တဲ့ အသိပညာဗဟုသုတတွေကို ကျောင်းသား ကျောင်းသူတွေရဲ့ အနာဂတ်အတွက် များစွာအထောက်အကူ ပြုမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ထူးချွန်ကျောင်းသား ကျောင်းသူတွေကို တရုတ်နိုင်ငံသို့ လေ့လာရေးခရီး စေလွှတ်ပေးတဲ့ ကောင်းမွန်တဲ့ အသိအမြင် ဗဟုသုတတွေရရှိကာ နိုင်ငံတော်နဲ့ တပ်မတော်က အားထားရသည့် အရည်အချင်းပြည့်ဝတဲ့ သားကောင်းရတနာ သမီးကောင်း ရတနာတွေအဖြစ် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် နိုင်မည်ဟု ယုံကြည်မိပါတယ်။

**ဒုတိယတပ်ကြပ်**
**ကောင်းမြတ်ကျော်**
**(တစ်ဘာသာဂုဏ်ထူးရှင်)**

ကျွန်တော်က ပညာရေးကျောင်းကနေ တစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ စစ်သည်တစ်ယောက်အနေနဲ့ ကြိုးစားရတာ အပြင်ကျောင်းတွေလိုမျိုး မဟုတ်ပါဘူး။ တပ်မတော်သားတစ်ယောက်ရဲ့ တာဝန်တွေလည်း ကျေပွန်အောင် ဆောင်ရွက်ရတယ်။ အဲဒီလိုရတဲ့အချိန်တွေထဲကနေ စာကိုမနားမနေ ကြိုးစားကျက်မှတ်ခဲ့တာပါ။ ကျောင်းမှာ သင်ကြားပေးတဲ့ သင်ခန်းစာတွေကို ကြိုးစားသင်ယူပါတယ်။ ညဘက်ရောက်တဲ့အခါမှာလည်း မအိပ်ဘဲ ညနက်တဲ့အထိ လေ့လာကျက်မှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကို လေ့လာရေးခရီးသွားရောက်လည်ပတ်ခွင့်ရတဲ့အတွက် အလွန် ဂုဏ်ယူ ဝမ်းသာမိပါတယ်။ လေ့လာရေးခရီး စီစဉ်ပေးတဲ့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကို အထူးကျေးဇူးတင်ရှိပါတယ်။

**မခင်တင့်တယ်ထက်**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

ခြောက်ဘာသာဂုဏ်ထူး ရဖို့အတွက် တစ်နှစ်ပတ်လုံး တစိုက်မတ်မတ် စာကိုကြိုးစားခဲ့ရပါတယ်။ ငယ်ငယ်ကတည်းက ဆရာဝန် ဖြစ်ချင်တယ်ဆိုတဲ့ အိပ်မက်နဲ့ တစိုက်မတ်မတ် ကြိုးစားခဲ့တာလည်း ဖြစ်ပါတယ်။ အခုလို ဂုဏ်ထူးရတဲ့ ကျောင်းသား ကျောင်းသူတွေကို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကတရုတ်နိုင်ငံကို လေ့လာရေး စေလွှတ်ပေးတဲ့အတွက် အလွန် ဝမ်းသာပီတိဖြစ်ရပါတယ်။

တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ အစားအသောက်တွေ၊ လူမျိုးတွေအားလုံးကို လေ့လာရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေမိပြီး သူငယ်ချင်းတွေအတွက်လည်း ဝမ်းသာ ဂုဏ်ယူမိပါတယ်။ အခုလို လေ့လာရေးခရီး စေလွှတ်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ အနာဂတ်ရည်မှန်းချက်က ဆရာဝန်တစ်ယောက် ဖြစ်ချင်ပါတယ်။ ဒီလို ဆရာဝန်တစ်ယောက် ဖြစ်ဖို့ကိုလည်း အခုချိန်ကတည်းက ကြိုးစားနေပါတယ်။

**မောင်အောင်ခန့်ကို**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

တစ်နှစ်ပတ်လုံး စာကို အစဉ်မပြတ်ဘဲ တစ်နေ့စာ တစ်နေ့ပုံမှန်ကျက်မှတ်ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပြသမှုတွေကို သေသေချာချာ လိုက်နာမှတ်သားတယ်။ မေးခွန်းဟောင်းတွေကို အထပ်ထပ်အပြန်ပြန် လေ့ကျင့်တယ်။ စာကို ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ကြိုးစားကျက်မှတ်ပါတယ်။ ကျွန်တော်တို့ ကြိုးစားမှုတွေ အရာထင်လာအောင် အသိအမှတ်ပြုပြီးတော့ လေ့လာရေးခရီး စေလွှတ်ပေးတဲ့အတွက်လည်း အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခုလို တရုတ်နိုင်ငံကို လေ့လာရေးခရီးစေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် ရန်ကုန်နည်းပညာတက္ကသိုလ်မှာ ပညာဆက်လက်သင်ကြားပြီး အင်ဂျင်နီယာဘွဲ့ယူပါမယ်။ ပြီးရင် Ph.D အထိရအောင် ကြိုးစားသွားမှာပါ။

**သတင်းစဉ်**





ဗိုလ်မှူးကြီး မျိုးမြင့်အောင်
(လေ့လာရေးအဖွဲ့ခေါင်းဆောင်)



ဒုတိယတပ်ကြပ်
ကောင်းမြတ်ကျော်
(တစ်ဘာသာဂုဏ်ထူးရှင်)



မခင်တင့်တယ်ထက်
(ခြောက်ဘာသာဂုဏ်ထူးရှင်)



မောင်အောင်ခန့်ကို
(ခြောက်ဘာသာဂုဏ်ထူးရှင်)

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

# ရန်ကုန်မြို့၌ စိန့်ပီတာစဘတ်နေ့အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr.Evgeny Grigoriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။




ထို့နောက် စိန့်ပီတာစဘတ်နေ့အခမ်းအနားကို ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr.Evgeny Grigoriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စိန့်ပီတာစဘတ်မြို့၏ အထင်ကရနေရာများ၊ မြန်မာနိုင်ငံ၏ အထင်ကရနေရာများ ပါဝင်သည့် ရုပ်သံမှတ်တမ်းနှင့် စိန့်ပီတာစဘတ်မြို့တော်ဝန် H.E. Mr. Alexander Beglov ၏ နှုတ်ခွန်းဆက်ရုပ်သံမိန့်ခွန်းကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ ရုရှားရိုးရာအဆိုအကများဖြင့်လည်းကောင်း၊ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ အဆိုအကများဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ မြန်မာ့ယဉ်ကျေးမှု အဆိုအကများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့က ဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရပန်းခြင်းများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် စိန့်ပီတာစဘတ်နေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် ရုရှားသံအမတ်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က Lotte Hotel Crystal Ballroom ၌ ဧည့်သည်တော်များနှင့် အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့က ဆုတောင်းစကားများ ပြောကြားကြပြီး နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၃**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၁၁)ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က နိုင်ငံအတွင်း ပညာတတ်များ ပေါကြွယ်ဝမှသာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပညာတတ်ပုဂ္ဂိုလ်များက နိုင်ငံ၏ အေးချမ်းသာယာမှု၊ တည်ငြိမ်ဖွံ့ဖြိုးမှု၊ လူမှုစီးပွားဘဝများကို ဦးဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့အနာဂတ်ကို ဦးဆောင်မည့် ပညာတတ်အရင်းအမြစ်ကောင်းများ မွေးထုတ်နိုင်ရေး အလေးထားမှာကြားလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များနှင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး ၃၀ ကို တိတိကျကျလိုက်နာ စောင့်ထိန်းကာ ပါတီနိုင်ငံရေး ကင်းရှင်းအောင် ပြုမူနေထိုင်ကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၂ဦး တက်ရောက်ကြပြီး သင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်သည် တက္ကသိုလ်အတွင်း ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၏ သင်ကြားပို့ချနေမှုများနှင့် သင်တန်းအိပ်ဆောင်များ၊ စားရိပ်သာများ၊ မွေးမြူရေးခြံများနှင့် အိမ်ထောင်သည်လိုင်းအစရှိသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ချောင်းဆုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ချောင်းဆုံ အောက်တိုဘာ ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေး အတွက်မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများအား အရန်မီးသတ်တပ်ဖွဲ့ဝင်ဝတ်စုံများ ပေးအပ်ခဲ့သည်။ အဆိုပါအရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# မိုးနဲမြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေး

**မိုးနဲ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင် ကာကွယ်ဆေးနှင့် သားအိမ်ခေါင်း ကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ဥယျာဉ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းစုရပ်တွင် ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇင်မီဟန်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားသေဆုံးမှုနှုန်းလျော့နည်းစေရေးအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ အထက်တန်းကျောင်း နောင်ကျော့အလက(ခွဲ)၊ ဥယျာဉ်အမကနှင့် နမ့်မော်လေ အမကရှိ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်အောက် ကျောင်းသား ကျောင်းသူ ၉၉ ဦးကို ဆုံဆို့-မေးခိုင် ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်း ထိုးနှံပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်အောက် ကျောင်းသူ ၅၀ အား သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး စနစ်တကျထိုးနှံပေးခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအိအိစံနှင့် ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# သထုံမြို့နယ်၌ အခွန်ဆိုင်ရာပညာပေး ဆွေးနွေး

**သထုံ အောက်တိုဘာ ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။



အသိပညာပေးရှင်းလင်းရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်က သထုံမြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအား ၂၀၂၅ ခုနှစ်အတွက် အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အခွန်ထမ်းလုပ်ငန်းရှင်များ၏ သိလိုသည့် မေးမြန်းခြင်းတို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် မဲစာရင်းမှန်ကန်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၃**

လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ ဖြစ်ရန်နှင့် ပြည်သူများ လွတ်လပ်စွာမဲပေးနိုင်ခွင့် ရရှိရေးအတွက် မဲစာရင်းမှန်ကန်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည် နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။




**ပြောကြား**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုပြီး ဆောင်ရွက်ရန်ကိစ္စများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၏ အခန်းကဏ္ဍသည် အရေးကြီး ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေး၊ မဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်း တွင် ပါဝင်မှုမရှိစေရေးနှင့် မဲစာရင်းမှန်ကန်ရေး အတွက် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက စနစ်တကျစိစစ်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းများကို အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြား သည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး တို့က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မဲစာရင်းမှန်ကန်ရေး စနစ်တကျစိစစ်ရေးကိစ္စရပ်များ နှင့်စပ်လျဉ်း၍လည်းကောင်း၊ ရှမ်းပြည်နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်နယ် ဦးစီးမှူးနှင့် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးတို့က မဲစာရင်းဆိုင်ရာ ညွှန်ကြား ချက်များကိုလည်းကောင်း၊ မဲစာရင်းဆိုင်ရာကိစ္စရပ် များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြ ကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ သည့် သက်ဆိုင်ရာပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး အထွေထွေ ဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ Call Center ဖွင့်လှစ် ထားရှိမှုကို ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့တော် ခန်းမ၌ကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချ ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချ ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိ သည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့် ပေးအပ်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ်၏ သဝဏ်လွှာသတင်းစကားရုပ်သံ Video Message ကိုပြသကာ ခန်းမအတွင်း ခင်းကျင်းပြသ ထားသော သဘာဝဘေးအသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညောင်ရွှေမြို့နယ် ကျော့မောင်ငယ်ကျေးရွာတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံကွက် ရိတ်သိမ်းပွဲနှင့် လယ်သီးထပ်ဆီနေကြာမျိုးစေ့၊ သွင်းအားစု ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး မျိုးစေ့နှင့် သွင်းအားစုများပေးအပ်ရာ တောင်သူများက လက်ခံ ရယူ၍ လိုအပ်ချက်အခက်အခဲများကို တင်ပြဆွေးနွေး ကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် အမှတ်(၈၅) စက်မှုလယ်ယာစခန်း ရွှေညောင်မြို့ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက် ရိတ်သိမ်းခြွေလှေ့ခြင်း ကွင်းသရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မိုင်းဆတ်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မဲဆန္ဒရှင်အသိပညာပေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**



ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ် ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မိုင်းဆတ်မြို့နယ်အတွင်းရှိ ပထမ အကြိမ်အဖြစ် ဆန္ဒမဲပေးမည့် အခြေခံပညာ အထက်တန်း ကျောင်းများမှ (Grade-12) ကျောင်းသား ကျောင်းသူများအား မြန်မာအီလက်ထရောနစ် မဲပေး စက် (MEVM) အသုံးပြုတတ်စေ ရန် သရုပ်ပြရှင်းလင်းခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင် အဖွဲ့ဝင်များက မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့မှု အခြေအနေ၊ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ မဲဆန္ဒရှင်များ သိသင့်သိထိုက်သည့် အချက်များ၊ မြန်မာအီလက်ထရောနစ် မဲပေး စက် အသုံးပြုခြင်းဖြင့် တိကျသော မဲရလဒ်များ ရရှိနိုင်မှု၊ ပွင့်လင်း မြင်သာမှု၊ အချိန်တိုအတွင်း မဲရလဒ်များ ရေတွက်နိုင်မှု၊ ပယ်မဲ များ မဖြစ်ပေါ်နိုင်မှု၊ ရွေးကောက်ပွဲ ရလဒ်များကို လျင်မြန်စွာကြေညာ နိုင်မှုစသည့် အကျိုးကျေးဇူးများ နှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ မည့်အခြေအနေများကို ရှင်းလင်း ပြောကြားကြပြီး မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမောင်ချိုက မြန်မာအီလက်ထရောနစ် မဲပေး စက်ဆိုင်ရာများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူ များနှင့် ကျောင်းသား ကျောင်းသူ များက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့ စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**



# ညောင်တုန်းမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်တုန်း အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်းလုပ်ငန်းများကို ယမန်နေ့ နံနက် ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးကျော်ကျော်ထွေး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ညောင်တုန်းမြို့နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ငှက်ပျောကျွန်း- ခတ္တိယလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြား ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်၌ ပြည်ထဲရေးဝန်ကြီးဌာန မြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ အရန် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်ပွဲ ကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးသူက မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့၏ ရည်မှန်း ချက်တာဝန်များကို အလေးထား ပြီး သင်တန်းမှ ပို့ချပေးမည့် ဘာသာရပ်များကို စိတ်ပါဝင်စား စွာ လေ့လာသင်ယူရန်လိုအပ် ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေး မှူး ဦးမိုးသူက သင်တန်းသား များအား တူညီဝတ်စုံ ထောက်ပံ့ ပေးအပ်ရာ အရန်မီးသတ်တပ်ဖွဲ့ခွဲ မှူး ဦးသိန်းဝင်းက လက်ခံရယူခဲ့ သည်။ အဆိုပါ သင်တန်းတွင် နည်းပြနှစ်ဦးက သင်တန်းသား



၅၀ ကို သင်ကြားပို့ချပေးမည် ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

လူမှုဘဝ
ပြည့်စုံဖို့
နိုင်ငံသားကတ်
ကိုင်ကြစို့။

# မိတ္ထီလာမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်း ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၃**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နယ်၌ လယ်ယာသုံး စက်ကိရိယာကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းအမှတ်စဉ် (၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းတွင် ကျင်းပ သည်။



**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက ပညာတတ်လူငယ် လူရွယ် စက်မှုလယ်ယာ ကျွမ်းကျင်လုပ်သားကောင်းများ ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့် မွေးထုတ်ပေးနိုင်ရေး နှင့် လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများမှ အာမခံချက်ရှိသည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိစေရေးတို့အတွက် ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ် ကြောင်း ရှင်းလင်းပြောကြား သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၄၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ၎င်းသင်တန်းတွင် လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု ပညာရပ်များသာမက စက်ပြင်ဆင်မှုပညာရပ်များကိုပါ တစ်ပြိုင်နက် ကျွမ်းကျင်တတ်မြောက်သည်အထိ လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရ သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

■



# မှော်ဘီမြို့နယ်၌ အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မီးသတ်စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မှော်ဘီမီးသတ်စခန်း၌ ကျင်းပ သည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၅၀ ဖြင့် အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင် မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာ ဘာသာရပ်နှင့် ရှေးဦးသူနာပြုစုခြင်းပညာ ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အခမ်းအနားသို့ မှော်ဘီမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ထွန်း၊ နှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# တောင်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်ဥက္ကလာပမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဇော်နိုင်က မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သင်တန်းမှပို့ချသော မီးသတ်ပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို သင်တန်းပျက်ကွက်မှုမရှိစေဘဲ လေးလေးစားစား လိုက်နာမှတ်သား သင်ယူကြရန်နှင့် တောင်ဥက္ကလာပမြို့နယ်အား မီးဘေးအန္တရာယ်မှကင်းဝေးစေရန် မီးဘေးလုံခြုံရေးကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်ကြရန် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ




ပေးအပ်ပြီး သင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သက်မင်းဟန်(ပြန်/ဆက်)**



# တိုက်ကြီးမြို့နယ်၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်း သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၄၇)နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၇၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်း ကျောင်း ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီး ဦးသိန်းစိုးမင်းက ခေတ်မီ မြေတိုင်းကိရိယာများ ဖြစ်သည့် Total Station နှင့် RTK GPS များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုပြီး တိုင်းတာတတ်စေရန်နှင့် ကွန်ပျူတာအသုံးပြု၍ မြေပုံရေးဆွဲထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ ယခုဖွင့်လှစ်သည့်သင်တန်းတွင် မြေတိုင်းတာခြင်းပညာရပ်နှင့် မြေစာရင်း ပညာရပ်နှစ်မျိုးကို အဓိကထား သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ မြေတိုင်း-၄၊ မြေတိုင်း-၅ နှင့် လက်ထောက် ဦးစီးမှူးများ စုစုပေါင်း ၂၀၀ တက်ရောက်ပြီး သင်တန်းကာလ ငါးလခွဲ အတွင်း သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေး မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒလမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကမာကဆစ်ရပ်ကွက် ဒလ-တွံတေး ကားလမ်းမဘေးရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်က သဘာဝဘေးအန္တရာယ်များနှင့် မီးလောင်မှု ဖြစ်ပွားပါက မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ် ပစ္စည်းကိရိယာများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ စနစ်တကျမီးငြိမ်း သတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန်



ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**ခင်စန္ဒာမြင့် (ပြန်/ဆက်)**

# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၁၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယုကီတက်ဆုရှိသည် ကျင်းပပြီးစီးခဲ့သည့် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့တွင် ခြေစွမ်းပြခဲ့သည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မလေးရှားကလပ် ဆာဘားအသင်းတွင် ကစားနေသည့် တိုက်စစ်မှူး ဝင်းသီရိထွန်း၊ အမေရိကန်နိုင်ငံ၌ ကျောင်းပြန်တက်နေသည့် တိုက်စစ်မှူး မေထက်လူတို့ ပဏာမလူစာရင်းတွင် လတ်တလော ပါဝင်လာခြင်းမရှိသေးပေ။ ဝင်းသီရိထွန်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်ဖြစ်သော်လည်း မေထက်လူမှာမူ ပါဝင်နိုင်ရန် မသေချာသေးကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အောက်တိုဘာ ၁၈ ရက်မှ လကုန်ပိုင်းအထိ ဂျပန်နိုင်ငံ၌ သွားရောက်လေ့ကျင့်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပဏာမလူစာရင်းတွင် ဂိုးသမား-မျိုးမြမြငြိမ်း၊ သူဇာအောင် (သစ္စာအားမာန်)၊ အိစန္ဒာဇော် (ရှေ့ဝတီ)၊ ဇူးလတ်နဒီ (အား/ကာသိပ္ပံ)၊ နောက်တန်း-မေသက်မွန်မြင့် (သစ္စာအားမာန်)၊ ဖွန်ယုယဦး၊ ခင်မိုးဝင်း (ရှေ့ဝတီ)၊ ဖြူဖွေး၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ လင်းလဲ့ဦး၊ သန်းသန်းနွယ်၊ ဟေမာန်စိုး၊ နှင်းပွင့်အေး (အား/ကာသိပ္ပံ)၊ ခင်မျိုးသန္တာထွန်း (ရှမ်းယူနိုက်တက်)၊ အလယ်တန်း-ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ(ရှေ့ဝတီ)၊ ခင်မာလာထွန်း (အား/ကာ သိပ္ပံ)၊ နန်းဖြူဖြူသွယ်၊ ရူပါခိုင် (ရှမ်းယူနိုက်တက်)၊ ခင်မိုမိုထွန်း၊ ဝင်းဝင်း (သစ္စာအားမာန်)၊ ယွန်းဝတီလှိုင်၊ ဒေစီအောင် (ရန်ကုန်ယူနိုက်တက်)၊ အိသက်ဖြိုး (YREO)၊ ရှေ့တန်း - မြတ်နိုးခင် (သစ္စာအားမာန်)၊ ယဉ်လွန်းအိမ်၊ ရွှေရည်ထွန်း (အား/ကာသိပ္ပံ)၊ စန်းသော်သော် (ရှေ့ဝတီ)၊ ဇင်မိုးပြည့်၊ စုစုကြည် (ရန်ကုန်ယူနိုက်တက်) တို့ ပါဝင်ကြ သည်။

**မောင်စံကြီး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁)၊
## တံတားအထူးအဖွဲ့(၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) နှင့် တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်(၃၅၈/၁-၃)ရှိ ဒုဋ္ဌဝတီ တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်း( ရန်ကုန်ဘက်ကမ်း နှင့် မန္တလေးဘက်ကမ်း)တို့၌ အသုံးပြုရန် လိုအပ်သော ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများဝယ်ယူခြင်း/သယ်ယူပို့ဆောင်ခြင်း နှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်း/သယ်ယူ/ပို့ဆောင်ခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/ သယ်ယူ/ ငှားရမ်းလိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တည်ဆောက်ရေးအဖွဲ့(၁) အိတ်ဖွင့်တင်ဒါအမှတ်စဉ် | - ( ၄/၂၀၂၅-၂၀၂၆ ) နှင့် |
| တံတားအထူး(၄) အိတ်ဖွင့်တင်ဒါအမှတ်စဉ် | - ( ၂/၂၀၂၅-၂၀၂၆ ) |
| ၁။ တင်ဒါပုံစံရောင်းချမည့်နေရာ | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ မန္တလေးမြို့ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့ |
| ၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - ၁၄-၁၀-၂၀၂၅ ရက်နေ့၊ ( ရုံးချိန်အတွင်း ) |
| ၃။ လျှောက်လွှာပုံစံအရောင်း ပိတ်မည့် ရက်/အချိန် | - ၂၇-၁၀-၂၀၂၅ ရက်နေ့၊ ( ၁၆:၃၀ )နာရီ |
| ၄။ တင်ဒါဖွင့်မည့် ရက်/အချိန် | - ၂၉-၁၀-၂၀၂၅ ရက်နေ့၊ ( ၉:၃၀ )နာရီ |
| ၅။ တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ | - ဒုဋ္ဌဝတီတံတားသစ်စီမံကိန်း(မန္တလေးဘက်ကမ်း)တံတားရှင်းလင်းဆောင် |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက { တည်ဆောက်ရေးအဖွဲ့(၁)(ဖုန်း)၀၉-၄၅၈၉၅၅၁၅၊ ၀၉-၂၅၀၀၇၀၇၁၈ နှင့် တံတားအထူးအဖွဲ့(၄)(ဖုန်း)၀၉-၄၄၈၅၄၈၅၈၅၊ ၀၉-၇၈၁၃၀၀၄၀၉ } တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၂/ည၁၆-က၁)၊ ဧရိယာ(၀.၀၅၄) ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဒေါ်ခင်အေးသစ် [၉/ရမသ(နိုင်)၀၀၅၇၈၉] အမည်ဖြင့် မှတ်သားထားရှိပါသည်။ အမည်ပေါက်သူ ယခုရောင်းချသူမှ မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အိရွှေဝါမြင့်[၁၂/မဘန(နိုင်)၁၁၃၉၀၀]က အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို (LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇၀)**
**အမှတ်(၆၇၈)၊ ဣန္ဒာ(၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၈၇၄၀၀၀၈၃၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-တ/၁)၊ ဦးပိုင်အမှတ်(၁-စ ခဲစင်းတောင်ခြမ်း)၊ ၁၂လမ်းမေးတင်၊ ၈၆x၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့် [၁၃/သပန(နိုင်)၀၃၁၃၉၉]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ဦးပိုင်အမှတ်(၆-ခ ခဲစင်း)၊ ၈x၉လမ်းကြား၊ ၇၇x၇၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖီ [၉/မနမ (နိုင်)၀၁၅၅၇၉] ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၄၆၀/၁၉၉၈)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝမ်ဖန်တီ [၁၃/တကန(နိုင်)၀၈၅၄၄၄]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္တော်ရပ်ကွက်၊ အကွက် အမှတ်( ၂၀ )၊ ဦးပိုင်အမှတ်- ယခင်၆၃+၆၄+၆၅+၆၆၊ ယခု (၁၄+၁၅)ခဲစင်းမြောက်ခြမ်း/ ၇၅လမ်း၊ ၁၀x၈လမ်းကြားရှိ ဦးဘစိန် အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၉၄၇/၂၀၁၃)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးဇော်ဝင်း၊ ဒေါ်မြင့်မြင့်ခင်တို့ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၈၀၆/၂၀၁၇) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်မိုးမြင့်နွယ် [၉/မကန(နိုင်)၀၃၁၅၅၀]၊ ဦးကျော်မြင့်ထွန်း [၁၃/တကန(နိုင်)၂၈၀၀၃၆]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၉/ ၂၀၁၇)ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်လော်မေရီ(ခ) ကြူကြူခင် [၁၃/လရန(နိုင်) ၀၆၄၉၉၃]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ်-မ/၈၊ မြေတိုင်းရပ်ကွက်အမှတ်-(7B/နံ့သာကုန်း)၊ မြေကွက်အမှတ်-(၁/ဈ-၂B-/၁B/ခ)၊ မြေအမျိုးအစား-မြေပိုင်မြေ/လန-၃၉(အိမ်ရာမြေ)၊ ဧရိယာ(၀.၅၂၄)ဧက၊ အကျယ်အဝန်း-အလျား(၅၁)ပေx အနံ(၅၉/၇၁)ပေ အကျယ်ရှိ ဒေါ်ညွန့်ညွန့်(NTN-၀၁၁၀၂၄)အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ် အဆက်စပ်များဖြင့် ဦးစန်းယု[၁၂/အစန(နိုင်)၀၆၉၃၉၉]က ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မြတ်သူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၅၆)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၃၈၀၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တပင်ရွှေထီး)၊ မြေကွက်အမှတ် (၄၈)၊ ဧရိယာ (၂၄၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-၄၈၊ ဗိုလ်တေဇ(၁)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ ဦးထင်ပေါ် (CK-၀၁၄၉၀၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထင်ပေါ် (ခင်ပွန်း)ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ဒေါ်နှင်းရီ[၁၂/ဒလန(နိုင်)၀၀၂၀၃၂]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၅)၊ ဦးပိုင်အမှတ်-၈-ဆ/၁၃x၁၄လမ်းကြား၊ ၈၆လမ်းရှိ ဦးမောင်ကို အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးမောင်ကို၊ မိခင်ဒေါ်ကျင်မြင်၊ သားဦးကျော်စိန်ဝင်း ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးချွေးမများဖြစ်ကြသော ဒေါ်မြင့်မြင့် [၉/မနမ(နိုင်)၀၄၁၁၇၅]၊ ဦးမင်းဆွေ [၉/အမဇ(နိုင်)၀၀၈၁၈၄]၊ ဒေါ်သင်းသင်းမာ [၉/အမရ(နိုင်)၀၁၅၇၈၁]၊ ဦးကျော်ဆန်း [၉/မနမ(နိုင်)၀၄၁၃၄၅]၊ ဦးသိန်းနိုင် [၉/မနမ(နိုင်)၀၄၁၃၆၅]တို့က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် ခဲစင်းပြ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၇၀)၊ ၅၃x၅၄ကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ မြေကွက်အား တောဂရန် အမှုတွဲအမှတ်(၇၇၉၅/၉၂-၉၃) အရ ဦးချစ်လှိုင် မှတ်ပုံတင်အမှတ် [၉/မမန(နိုင်)၀၇၄၀၂၆]အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးသက်နိုင်ဦး [၉/မရမ(နိုင်)၀၁၀၈၈၈]၊ ဒေါ်သက်ဝါစိုး [၁၃/တပယ(နိုင်)၀၃၀၅၄၄]တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်( ငင-၂ )၊ ဦးပိုင်အမှတ်- ၃၅-ခ၊ ၅၈-Bလမ်း၊ ၁၀၆ x ၁၀၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တိုးတိုးဝင်း [၉/မရတ(နိုင်)၁၀၇၉၉၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၃)၊ ဦးပိုင်အမှတ်(၆၆)၊ ၁၃၃x၁၃၄ကြား၊ ၆၈x၆၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်တင်တင်လှိုင် [၉/မဟမ(နိုင်)၀၂၂၆၈၂]၊ ဒေါ်ရွှေရည်ဝင်း [၉/မဟမ(နိုင်)၀၄၁၆၅၉]၊ ဒေါ်အိအိခိုင် [၉/မဟမ(နိုင်)၀၄၁၆၆၀]၊ ဦးမျိုးဝင်းသန့် [၉/မဟမ (နိုင်) ၀၄၆၁၅၂]တို့က အမှုတွဲအမှတ်(၂၉၅၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးတိုးအောင်၏ သမီး မလွင်လွင်ဦး [၁၄ / ညတန(နိုင်) ၁၄၃၆၀၀] ၏ နိုင်ငံကူးလက်မှတ်အမှတ်-M 836092 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၅၀၀၄၀၉၂၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ဒ-၂)၊ ဦးပိုင်အမှတ်(၁၀၉)၊ ၆၄လမ်းနှင့် ၃၇လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးညိုဝင်းထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၂၃၈၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှေရွှေဝင်း [၉/မနမ(နိုင်)၀၃၃၇၅၃]က အမှုတွဲအမှတ်(၂၉၇၁/ ၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၆)၊ ၁၁၁လမ်း၊ ၅၄x၅၅လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးသန်းဦးထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၂၇၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ခင် [၉/ကသန(နိုင်)၁၂၀၇၉၀]က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ်(၂၇၅၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ်(ဃ-၇)၊ ဦးပိုင်အမှတ်(၈၁)၊ ၆၄လမ်း၊ ၁၁၂x၁၁၂(A) လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်ကို၏ (SP ရရှိသူ ဦးဖြိုး)ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ်(၃၆၉၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဝင်းကြည် [၁/မကန (နိုင်)၀၇၉၀၇၉]က အမှုတွဲအမှတ်(၂၉၅၃/ ၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေလင်း [၁/မညန(နိုင်)၁၁၀၀၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ် (၉၇/၉၉)တွင် ဖွင့်လှစ်ထားသော City Central Motel ဟုခေါ်တွင်သော အခန်း (၃၈) ခန်းပါ မိုတယ်လုပ်ငန်း၊ မြေနှင့်အဆောက်အဦပိုင်ရှင်များဖြစ်ကြသော ဦးအာဘော် [၁၂/လမတ (နိုင်)၀၃၉၈၂၀] နှင့် ဦးမင်ဂျီဆင်ဝါး [၁/မကန(နိုင်)၀၆၄၇၀၆]တို့ထံမှ တရားဥပဒေနှင့်အညီ ငှားရမ်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ “ City Central Motel “ မိုတယ်လုပ်ငန်းအား ပိုင်ရှင်အမည် ဒေါ်ဝေဝေလင်း [၁/မညန (နိုင်)၁၁၀၀၀၁] အဖြစ် ပြောင်းလဲပြင်ဆင် လျှောက်ထားမည်ဖြစ်ပါသောကြောင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ (၁၄) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ မိုတယ်လုပ်ငန်းရှင် အမည်ပြောင်းလဲခြင်းအား လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေလင်း [၁/မညန (နိုင်)၁၁၀၀၀၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ (၃)လမ်း၊ ရွှေသဇင်လမ်းသွယ်၊ အမှတ်(၁၂၃/ခ) ဟု ခေါ်တွင်သော (၁၆ပေ x ၃၂ပေ) အကျယ်ရှိ မြေကွက်နှင့် (၄)ပေလမ်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်လျက်ရှိကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဦးစည်သူဟိန်း [၉/အမဇ(နိုင်)၀၆၈၅၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ် ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချောနု (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၉၁)**
**အမှတ် (၁၅)၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉ - ၄၂၁၀၀၄၆၆၁**

## ကြော်ငြာစာ

